ဝန်ဇင်း
Read on the move

# သခင်ဦကာသစ်

သန်းဝင်းလှိုင်

သခင်ဋ္ဌေးကာသစ်

# နောက်ခံသမိုင်း

နယ်ချဲ့ဆန့်ကျင်ရေး၊ အမျိုးသား လွတ်မြောက်ရေးနှင့် ဆိုရှယ်လစ်ရေးတို့တွင် ရှေ့တန်းမှ ပါဝင်ခဲ့သော တို့ဗမာအစည်းအရုံးကြီးကို ၁၉၃ဝ ပြည့်နှစ် မေလ ၃ဝ ရက်နေ့တွင် စတင်ဖွဲ့စည်းခဲ့သည်။ ၁၉၃ဝ ပြည့်နှစ်သည် မြန်မာတိုင်းရင်းသားတို့၏ နယ်ချဲ့ဆန့်ကျင်ရေး တပ်ဦးသဖွယ်ဖြစ်သော ဂျီစီဘီအေ အသင်းကြီး အစိတ်စိတ်အမြွှာမြွှာ ကွဲပြားနေသောအချိန်၌ နယ်ချဲ့ဆန့်ကျင်ရေး အမျိုးသားလွတ်မြောက်ရေး တိုက်ပွဲအတွက် ထိထိရောက်ရောက် စွမ်းစွမ်းတမံ ဆောင်ရွက်မည့် အဖွဲ့အစည်းမျိုးကို အခြေအနေက တောင်းဆိုနေချိန်လည်း ဖြစ်သည်။

ထိုအခြေအနေတွင် သခင်ဘသောင်း ဦးဆောင်သော မျိုးချစ်လူငယ်တစ်စုက မြန်မာတိုင်းရင်းသားတို့၏ ဇာတိသွေး၊ ဇာတိမာန်ကို လှုံ့ဆော်ပေးပြီး တိကျပြတ်သားသော ဝါဒလမ်းစဉ်ဖြင့် လွတ်လပ်ရေးအတွက် တိုက်ပွဲဝင်မည့် အဖွဲ့အစည်းတစ်ခု ဖွဲ့စည်းရန် ကြံစည်ကြသည်။ အကြံရသည့်အတိုင်း ဆွေးနွေးတိုင်ပင်မှုများလည်း လုပ်ကြသည်။ ထိုစဉ်မှာပင် ၁၉၃ဝ မေလအတွင်း၌ ကုလား၊ ဗမာအဓိကရုဏ်း ပေါ်ပေါက်ခဲ့သည်။ ထိုအဓိကရုဏ်းကို အကြောင်းပြု၍ တိုင်းရင်းသားတို့ကို အမျိုးသားစိတ်ဓာတ် တက်ကြွအောင် တပ်လှန့်ပေးသည့် အရေးပေါ်နိုးဆော်ချက် နိုင်ငံပြုစာစု အမှတ်(၁)ကို သခင်ဘသောင်းက ရေးသား ထုတ်ဝေလိုက်သည်။ ထိုကြေညာချက်တစ်ခု ထုတ်ဝေသည့် အဖွဲ့အစည်းကို တို့ဗမာအစည်းအရုံးဟု ဖော်ပြထားသည်။ အစည်းအရုံး တည်နေရာဌာနမှာ ခြံအမှတ် ၃၃၊ ရေတာ ရှည်လမ်း၊ ဗဟန်းရပ်၊ ရန်ကုန်မြို့ဟု ရေးသားထားသည်။

ဤသို့ဖြင့် တို့ဗမာအစည်းအရုံးဟူသေ အမည် စတင်ပေါ်လာသည်။

ထိုသို့ အစည်းအရုံးဟု သုံးထားသော်လည်း စနစ်တကျ ဖွဲ့စည်းထားသည့် အမှုဆောင်အဖွဲ့ဟု မရှိသေးပေ။ မျိုးချစ်လူငယ်တစ်စု၏ လှုပ်ရှားမှုလောက်သာ ဖြစ်သည်။ တို့ဗမာအစည်းအရုံးကို စတင်တည်ထောင်သူမှာ သခင်ဘသောင်း ဖြစ်သည်။ သခင်ဘသောင်းအား သခင်လှဘော်၊ ကိုအုံးခင် (ခြေလျင်) (နောင် မိုးကြိုး ဦးအုန်းခင်)၊ ကိုတင်စိန်၊ ကိုကျော်ထွန်း စသည့် လူငယ်တစ်စုက အစပထမတွင် ကူညီအားပေးကြသည်။ ထို့နောက် သခင်ဗစိန်၊ သခင်သိန်းမောင်၊ သခင်ထွန်းရွှေတို့ ပါလာကြ၏ ။ တို့ဗမာအစည်းအရုံးဝင်တို့သည် မိမိတို့ နာမည်ရှေ့၌ `သခင်' အမည်ခံရသဖြင့် လူအများက တို့ဗမာအစည်းအရုံးကို `သခင်ပါတီ' ဟူ၍ လည်း ခေါ်ဆိုကြသည်။

တို့ဗမာအစည်းအရုံး ပေါ်စတွင် အစည်းအရုံးဝင်တို့အား သခင်တပ်၍ ခေါ်ရသည်ကို လူအများက လွင့်လင့်တကူ တပ်၍ ခေါ်ဆိုခြင်း မပြုကြဘဲ သခင်ထည့်၍ ခေါ်ရသည်ကို ဦးလေးလျက် ရှိကြ၏ ။ တို့ဗမာအစည်းအရုံးဝင် အချင်းချင်းသာလျှင် တစ်ဦးကိုတစ်ဦး သခင်တပ်ကာ ခေါ်ဆိုကြလေသည်။ တိုင်းပြည်အဝန်း၌ လည်း သခင်ဆိုသည်မှာ ဗမာတိုင်း သခင်ဖြစ်သည့်အကြောင်း၊ သူတစ်ပါးလက်အောက်တွင် ကျွန်သဘောက် ဖြစ်နေရသဖြင့် ကျွန်စိတ်ကျေးစိတ်များ ပပျောက်၍ သခင်စိတ် ပေါ်ပေါက်ကိန်းအောင်းလာရန် ဖြစ်သည့်အကြောင်းမှစ၍ ရာဇဝင် ကိုးကားချက်များနှင့် ဓာတိမာန် တက်ကြွအောင် ရှင်းလင်းဟောပြောခြင်းတို့ဖြင့် တစ်စတစ်စ သခင်အမည် ယဉ်ပါးလျက် သခင်အမည် တပ်ရဲအောင် အားထုတ်ခဲ့ရသည်။

ထို့ပြင် ၁၉၃၃ ဖေဖော်ဝါရီ ၂၅၊ စနေနေ့ထုတ် တို့ဗမာသတင်းစဉ်မှတ်တမ်း၌ တို့ဗမာအစည်းအရုံးက အောက်ပါအတိုင်း ကြေညာချက်တစ်ရပ် ထပ်မံ ထုတ်ပြန်ခဲ့သည်။

(၁) မြန်မာပြည်တွင် မြန်မာစာနှင့် မြန်မာစကားကိုသာ သုံးရမည်။

(၂) ရုံးပြင်ကန္တား အစရှိသော အများပြည်သူတို့နှင့် ဆိုင်သည့်

အဆောက်အဦများတွင် ဒေါင်းလံကိုသာ ထူရမည်။

(၃) အရှင် ဦးဝိစာရ အမှုးရှိသော တိုင်းပြည်၏ ဂုဏ်ကျက်သရေရှိ ပုဂ္ဂိုလ်များကို မမေ့မလျော့စေရန်အလို့ငှာ ကြေးရုပ်တုကြီးများ ထုလုပ်စိုက်ထူရမည်။

(၄) အစိုးရဟူသော ပညတ်မှားကို မသုံးရ။ `ပြည့်အစေခံ' ဟူသော ပညတ်မှန်ကို သုံးစွဲရမည်။ အရေးပိုင်မင်း၊ နယ်ပိုင်ဝန်ထောက်မင်း၊ ရာဇဝတ်မင်း အစရှိသော ပညတ်မှားများကို `စီရင်စုအစေခံ'၊ `နယ်အစေခံ'၊ `မြို့အစေခံ'၊ `ရာဇဝတ်အစေခံ' အစရှိသည့် ပညတ်မှန်များဖြင့်သာ ခေါ်ဝေါ်သုံးစွဲကြရမည်။

(၅) ထိုပြည့်အစေခံများကို ဘုရားထူးသူ၊ ဒူးတုပ်သူ အစရှိသော ကျွန်စိတ်ပေါက်နေသူတို့ကို စက်တိုင်တင်၍ သတ်ရမည်။

ထိုခေတ်က ဝံသာနုလူကြီးများ ၂၁ ဦးခေါ် ဒိုင်အာခီအုပ်ချုပ်ရေးကို လိုလားသော ခေါင်းဆောင်ကြီးများသည် တို့ဗမာအစည်းအရုံးက ရည်ရွယ်ချက်ထားသည့် လုံးဂလွတ်လပ်ရေးဟူသော စကားကို နှုတ်အားဖြင့်လည်းကောင်း၊ စာအားဖြင့်လည်းကောင်း မရေးဝံ့၊ မသုံးဝံ့ကြချေ။ ယင်းသို့သော်အချိန်တွင် တို့ဗမာအစည်းအရုံးမှ သခင်တို့က လွတ်လပ်ရေးသည် ပထမ၊ လွတ်လပ်ရေးသည် ဒုတိယ၊ လွတ်လပ်ရေးသည် တတိယ။ လွတ်လပ်ရေးသည် အစစအရာရာ ဖြစ်သည်။ မြန်မာပြည်နှင့် မြန်မာလူမျိုးထက် အခြားအားကိုးစရာမရှိ၊ ကိုးကွယ်စရာ မရှိ။ မြန်မာပြည် မြန်မာလူမျိုးတို့၏ လွတ်လပ်ရေးမှတစ်ပါး အခြားကြီးကျယ်ခမ်းနားသော အရာကား မရှိဟု ကြွေးကြော်ခဲ့ကြသည်။

တို့ဗမာအစည်းအရုံးအတွက် စည်းရုံးလှုပ်ရှားနေကြသော မြန်မာလူမျိုးလူငယ်များနှင့် ဝိုင်အမ်ဘီဆရာတင်တို့ ဆက်သွယ်မိကာ `တို့ဗမာသီချင်း' ကို သီကုံးစပ်ဆိုလာကြပြန်သည်။ တို့ဗမာသီချင်းမှာ တိုင်းရင်းသားတို့၏ ဇာတိသွေး ဇာတိမာန်ကို တက်ကြွစေသည့် သီချင်းဖြစ်သည်။

ယင်းနောက် တို့ဗမာသီချင်းကို ရန်ကုန်တက္ကသိုလ် မဂ္ဂဇင်းတွင် ဖော်ပြရုံသာမက အစည်းအဝေးပွဲများ၊ ဘုရားပွဲများနှင့် ဘောလုံးပွဲများတွင် သီဆိုကြရာမှ တို့ဗမာအစည်းအရုံးအကြောင်း လူသိများလာသည်။ စိတ်ဝင်စားသူလည်းတိုးလာသည်။

၁၉၃၃ ခု ရောက်သောအခါ ဒိုင်အာခီ ဥပဒေပြုလွှတ်တော်အတွက် ရွှေဘိုအရှေ့ပိုင်း မဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် လစ်လပ်၍ ကြားဖြတ်ရွေးကောက်ပွဲ ကျင်းပရာ တို့ဗမာအစည်းအရုံးမှ သခင်ဘသောင်း ဝင်ရောက်ယှဉ်ပြိုင်သည်။ ရွေးကောက်ပွဲအတွက် ရွှေဘိုတွင် တရားဟောရာမှ တို့ဗမာအစည်းအရုံးကို ပို၍ လူသိများလာသည်။ ရွေးကောက်ပွဲပြီးသောအခါ တို့ဗမာအစည်းအရုံးမှ သခင်လူငယ်များကို ရွှေဘိုမှ ၂၄ နာရီအတွင်း ထွက်သွားရမည်ဟု အာဏာပိုင်တို့က အမိန့်ထုတ်သည်။ အမိန့်ကို မနာခံ၍ သခင်လူငယ်များကို ဖမ်းသောအခါ တို့ဗမာအစည်းအရုံးမှာ ပို၍ ထင်ရှားလာသည်။ ဤသို့ဖြင့် ပထမစိတ်ကူး၊ ထို့နောက် ကြေညာစာတမ်း၊ သီချင်းတို့ဖြင့် စခဲ့ရသော တို့ဗမာအစည်းအရုံးသည် ၁၉၃၅ ရောက်သောအခါ ပထမအကြိမ်မြောက ပြည်လုံးကျွတ်ညီလာခံကို ရေနံချောင်းမြို့၌ ကျင်းပချိန်အထိ အောင်မြင်မှုရလာသည်။ ၁၉၃၀ မှ ၁၉၃၅ အတွင်း တို့ဗမာအစည်းအရုံးကို ပြုစုပျိုးထောင်ပေးခဲ့သူမှာ သခင်ဘသောင်း၊ သခင်ကျော်ထွန်းစိန်၊ သခင်ညီ၊ သခင်တင်စိန်၊ သခင်တင် (ဝိုင်အမ်ဘီ)၊ သခင်ထွန်းအုပ်၊ သခင်ထွန်းရွှေ၊ သခင်ဗစိန်၊ သခင်ဗတင်၊ သခင်ဘရီ၊ သခင်ဘိုးနီ၊ သခင်မောင်မောင်တိုး၊ သခင်လေးမောင်၊ သခင်လှဘော်၊ သခင်သာဒိုး၊ သခင်သိန်းမောင်၊ သခင်သိန်းဟန်၊ သခင်ဟန်၊ သခင်အုန်းခင်၊ သခင်အုန်းဖေ စသူတို့ ဖြစ်ကြသည်။

တို့ဗမာအစည်းအရုံးရေး အမျိုးသားရေးဆိုင်ရာ ကြွေးကြော်သံမှာ...

ဗမာပြည်သည် တို့ပြည်

ဗမာစာသည် တို့စာ

ဗမာစကားသည် တို့စကား

တို့စာကို ချီးမြှင့်ပါ

တို့စကားကို လေးစားပါ။

ဟူ၍ ဖြစ်ပြီး စီးပွားရေးဆိုင်ရာ ကြွေးကြော်သံမှာ...

ဗမာဆိုင်များ တည်ကြကုန်လော့

ဗမာဆိုင်၌ ဝယ်ကြကုန်လော့ဟူ၍ ဖြစ်သည်။

တို့ဗမာအစည်းအရုံး၏ ဆောင်ပုဒ်များမှာမူ...

လာမည့်ဘေး ပြေးတွေ့

ဘေးနဲ့ကြုံ ရဲဂုဏ်ပြ

သေလျှင်မြေကြီး ရှင်လျှင်ရွှေထီး

ကြောက်လွဲ ရဲမင်းဖြစ်

ကြောက်မွေးပါ ဇာဂနာနဲ့ နုတ်

ကျွန်ဘဝကို စက်ဆုပ်ကြ

ဒါတို့ပြည် ဒါတို့မြေ ဟူ၍ ဖြစ်သည်။

တို့ဗမာအစည်းအရုံးသည် အထက်ပါ ကြွေးကြောက်သံများဖြင့် လုပ်သားပြည်သူတို့၏ ဇာတိသွေး၊ ဇာတိမာန် တက်ကြွလာစေရန် လှုံ့ဆော်ပေးခဲ့သည်။

တို့ဗမာအစည်းအရုံး၏ အလံမှာ အဝါ၊ အစိမ်း၊ အနီ သုံးရောင်ခြယ်အလယ်တွင် တူတံစဉ်ပုံပါသည်။ အဝါရောင်သည် ဘာသာသာသနာနှင့် ပညာတိုးပွားအောင် ဖော်ဆောင်၍ အစိမ်းရောင်သည်

ဆန်ရေစပါး ပေါကြွယ်စေရမည်ဟု အဓိပ္ပါယ်ဆောင်ကာ အနီရောင်သည် ရဲရင့်ခြင်းကို ရည်ညွှန်းသည်။

တို့ဗမာအစည်းအရုံး၏ အမှတ်အသားတံဆိပ်သည် တူနဲ့တံစဉ်ပုံ ဖြစ်သည်။ တူနှင့်တံစဉ်သည် အလုပ်သမား၊ လယ်သမားတို့အား ကိုယ်စားပြုထားခြင်း ဖြစ်သည်။ ထို့ပြင် တို့ဗမာအစည်းအရုံး၏ အခြားအမှတ်တံဆိပ်မှာ တို့ဗမာ မီးတုတ်ထမ်းသမားကြီး၏ မီးတုတ်ကြီးကို ကိုင်ထား၍ လှုပ်ရှားနေပုံ ဖြစ်သည်။ တို့ဗမာသတင်းစဉ် မှတ်တမ်းမျက်နှာဖုံးများတွင်မူ တို့ဗမာအစည်းအရုံးက အမြတ်တနိုး ခံယူချက်ဖြစ်သည့် `လာမည့်ဘေး ပြေး၍ တွေ့ ' ဆိုသည့် ဆောင်ပုဒ်ကို အစဉ်သဖြင့် ရိုက်နှိပ်ထားလေသည်။

တို့ဗမာအစည်းအရုံး၏ ပထမရည်ရွယ်ချက်မှာ နယ်ချဲ့ဆန့်ကျင်ရေးနှင့် လုံး၀ လွတ်လပ်ရေး ဖြစ်သည်။ တို့ဗမာအစည်းအရုံး စတင်ထူထောင်စဉ်က အမျိုးသားရေးကို အခြေခံခဲ့သော်လည်း ၁၉၃၆ ခုမှစ၍ ဆိုရှယ်လစ်၀ါဒကို လက်ခံခဲ့သည်။ ထို့ကြောင့် တို့ဗမာအစည်းအရုံးသည် အတိုးတက်ဆုံးနှင့် နယ်ချဲ့ဆန့်ကျင်ရေးစိတ်ဓာတ် အပြင်းထန်ဆုံး အစည်းအရုံးအဖြစ် ထင်ရှားခဲ့သည်။ ဆိုရှယ်လစ်၀ါဒကို လက်ခံလာသည်နှင့်အမျှ တောင်သူလယ်သမားနှင့် အလုပ်သမား လူတန်းစားတို့၏ အရေးပါပုံကို လက်ခံ အသိအမှတ်ပြုပြီး ယင်းလူတန်းစားနှစ်ရပ်ကို ပထမဆုံး စနစ်တကျ စတင်စည်းရုံးခဲ့သည့် အစည်းအရုံးလည်း ဖြစ်သည်။ တို့ဗမာအစည်းအရုံးကြီးက ဦးဆောင်၍ ဗမာနိုင်ငံလုံးဆိုင်ရာ အလုပ်သမား အစည်းအရုံးတို့ကို ထူထောင်ပေးခဲ့သည်။

အုပ်ချုပ်ရေးပိုင်းတွင် သီးခြားအုပ်ချုပ်သည့် ဒေသအဖြစ် သတ်မှတ်ပြီး ပြည်မနှင့် ခွဲခြားအုပ်ချုပ်ခြင်းခံနေသော ရှမ်း၊ ကရင်နီနယ် (ကယား)၊ ကချင်၊ ချင်းတောင်တန်းဒေသများ၏ အုပ်ချုပ်ရေးကို ဖျက်သိမ်း၍ ပြည်မနှင့်တူညီသည့် အုပ်ချုပ်ရေး ရရှိရေး၊ လူသားတို့၏ လွတ်လပ်ရေးနှင့် ငြိမ်းချမ်းရေးတို့အတွက်

လုပ်ရှားနေသော ကမ္ဘာ့အင်အားစု အသီးသီးနှင့် ပူးပေါင်းဆောင်ရွက်ရန်နှင့် ဌာနဆိုင်ရာ တရားဥပဒေများကိုလည်း ပြည်သူ့အကျိုး ရှေ့ရှု၍ ရေးဆွဲပြဋ္ဌာန်းရန် မျှော်မှန်းချက်များကို ချမှတ်ခဲ့သည်။

စီးပွားရေးတွင်မူ အလုပ်သမားများ၏ အလုပ်ချိန်ကို တစ်နေ့ ၈ နာရီ သတ်မှတ်ရန် လုပ်ခအာမခံရန်၊ လူမှုဖူလုံရေး ရန်ပုံငွေထားရှိရန် စသည့် အလုပ်သမားနှင့် သက်ဆိုင်သည့် လိုလားချက်များကို ရည်မှန်းထားသည်။ ထို့ပြင် လယ်သမားမြေယာ ခွဲဝေရေးနှင့်ပတ်သက်၍ အမှန်တကယ် လယ်လုပ်သူများကိုသာ လယ်ယာပိုင်ဆိုင်ခွင့်ပေးရန်၊ လယ်ယာများ ဝေငှရန်၊ လယ်လုပ်ကိရိယာ၊ မျိုးစေ့နှင့် အမတော်ကြေးများ ထုတ်ချေးရန် စသည့် လယ်သမားဆိုင်ရာ လိုလားချက်များကို ထည့်သွင်းခဲ့သည်။ ခေတ်ပညာတတ် လူငယ်တို့က ခေါင်းဆောင်သောကြောင့် အတက်ကြွဆုံးနှင့် အလှုပ်ရှားဆုံး ဖြစ်သည့်အလျောက် အင်္ဂလိပ်အစိုးရ၏ အငြိုငြင်ခံရဆုံး၊ အဖိနှိပ်ခံရဆုံး အစည်းအရုံးလည်း ဖြစ်ခဲ့သည်။

တို့ဗမာအစည်းအရုံး စတင်တည်ဆောက်ချိန်မှစ၍ ညီလာခံ ၅ ကြိမ် ပြုလုပ်ခဲ့သည်။ ၁၉၃၅ မတ် ၃၀ မှ ဧပြီ ၁ ရက်နေ့အထိ ရေနံချောင်းတွင် ပထမအကြိမ် ညီလာခံ၊ ၁၉၃၆ ဇွန် ၂၇ မှ ၂၉ ရက်နေ့အထိ မြင်းခြံမြို့တွင် ဒုတိယအကြိမ် ညီလာခံ၊ ၁၉၃၈ မတ်လ ၂၂ မှ ၂၄ ရက်နေ့အထိ ပြည်မြို့တွင် တတိယအကြိမ် ညီလာခံတို့ကို ပြုလုပ်ခဲ့ကြသည်။

တတိယအကြိမ် ညီလာခံတွင် သခင်အမတ်များ လခယူရေး၊ မယူရေးနှင့် ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်သစ်များ ရွေးချယ်ရမည့် အရေးတို့ကိုပါ အကြိတ်အနယ် ဆွေးနွေးကြပြီးလျှင် သခင်အမတ်များ လစာငွေ မယူကြရန် ဆုံးဖြတ်ကြလေသည်။ ထို့နောက် ဥက္ကဋ္ဌသစ် ရွေးကြရာတွင် သခင်သိန်းမောင်နှင့် သခင်ညီတို့ ယှဉ်ပြိုင်အရွေးခံကြရာ သခင်သိန်းမောင် အနိုင်ရရှိသွား၏ ။ ထိုညီလာခံတွင် သဘောကွဲလွဲမှုများ ဖြစ်ပေါ်လျက် မကျေနပ်မှုများလည်း ပေါ်ထွက်ခဲ့လေသည်။ သခင်သိန်းမောင်နှင့် သခင်ဗစိန်တို့ အချင်းချင်း

မသင့်သောကိစ္စလည်း ရှိ၏။ သို့သော် ကိစ္စအဝဝကို မျိုးသိပ်ကာ ပြည်ဖုံးချလျက် ညီလာခံသဘင် အစည်းအဝေးကြီး ပြီးဆုံးသွားခဲ့လေသည်။

ထိုညီလာခံပြီးနောက် ဥက္ကဋ္ဌသစ်နှင့် အလုပ်အမှုဆောင်သစ်တို့သည် ဌာနချုပ်လုပ်ငန်းများကို ချမှတ်ကြသည်။ တို့ဗမာအစည်းအရုံး ဌာနချုပ်လက်အောက်တွင် `ကိုယ့်မင်းကိုယ်ချင်းအဖွဲ့' ဟူသော ဥပဒေပြုလွှတ်တော်နှင့်တကွ ဒေသန္တရအဖွဲ့ဝင် ပုဂ္ဂိုလ်များ၏ အစုအဖွဲ့သည်လည်းကောင်း၊ `ဗမာ့လက်ရုံးတပ်' ဟူသော တို့ဗမာတပ်ဖွဲ့ကိုလည်းကောင်း ဖွဲ့စည်းလိုက်ကြသည်။ တို့ဗမာလက်ရုံးတပ်တွင် ပင်ဖြူလုခေါ် သခင်လှဖေက ဗိုလ်ချုပ်ပြုလုပ်၍ လည်းကောင်း၊ ကိုယ့်မင်းကိုယ့်ချင်းအဖွဲ့တွင် သခင်မြက ခေါင်းဆောင်ပြုလုပ်၍ လည်းကောင်း ဆောင်ရွက်ကြရာ လက်ရုံးတပ်အင်အားလည်း တိုးတက်များပြားလာ၏။ ကိုယ့်မင်းကိုယ့်ချင်းအဖွဲ့ဝင်တို့သည် ဥပဒေပြုလွှတ်တော် စတင်စည်းဝေးသည့် နေ့မှာပင်လျှင် ဘုရင်ခံကြွရောက်လာသည်ကို ဥပဒေပြုအမတ်တို့ကဲ့သို့ မတ်တတ်ထကာ အရိုအသေ မပြုခြင်း၊ နှုတ်မဆက်ခြင်းတို့ကို ပြောင်အတိအလင်း လုပ်ပြလိုက်ကြသဖြင့် ဥပဒေပြုလွှတ်တော်ရာဇဝင်တွင် မပေါ်ပေါက်ဖူးသေးသော အဖြစ်တို့ ပေါ်ပေါက်ကာ ကိုယ့်မင်းကိုယ့်ချင်း သခင်အမတ်တို့အပေါ်တွင် တိုင်းပြည်က အတော်ဂရုစိုက်လာကြလေသည်။

ဤသို့ တို့ဗမာအစည်းအရုံးကြီးအား တိုင်းပြည်နှင့်အဝန်း အာရုံပြုစဉ်မှာပင် သခင်သိန်းမောင်၊ သခင်ဗစိန်တို့၏ မသင့်တင့်မှုသည် ရင့်မာကြီးထွားလာချေသည်။ နောက်ဆုံးတွင် သခင်သိန်းမောင်က သခင်ဗစိန်အား တို့ဗမာအစည်းအရုံးမှ ထုတ်ပစ်လေရာ ဥက္ကဋ္ဌ သခင်သိန်းမောင်သည် အလုပ်အမှုဆောင်များနှင့် မတိုင်ပင်ဘဲ ထုတ်ပစ်သဖြင့် ထိုဥက္ကဋ္ဌအမိန့်သည် တရားဝင်မဝင် အလုပ်အမှုဆောင်တွင် အငြင်းပွားကာ အုပ်စုနှစ်စု ကွဲကွာပြန်သည်။ ထိုမှတစ်ဖန် တစ်ပြည်လုံးရှိ တို့ဗမာအစည်းအရုံးဝင်တို့တွင် ဂယက်ရိုက်ကာ

ဆူပွက်ကုန်ကြလေသည်။ ဤတွင် ဗမာပြည်လုံးဆိုင်ရာ အမှုဆောင်များက ဆရာကြီး သခင်ကိုယ်တော်မှိုင်းအား ဆုံးဖြတ်ပေးရန် အာဏာကုန် လွှဲအပ်ကြလေသည်။ နောက်ဆုံး ဆရာကြီး၏ အဆုံးအဖြတ်ကိုလည်း မနာယူကြသဖြင့် သခင်ဗစိန်တို့လူစုက သာယာဝတီသုံးဆယ် ပန်းဆွဲတွင်လည်းကောင်း၊ သခင်သိန်းမောင်တို့လူစုက ဆရာကြီး သခင်ကိုယ်တော်မှိုင်းကို နာယကတင်၍ မော်လမြိုင်မြို့တွင် စတုတ္ထအကြိမ် ညီလာခံကို ၁၉၃၉ ဧပြီ ၇ မှ ၁၀ ရက်နေ့အထိ တစ်ကွဲတစ်ပြားစီ ကျင်းပကြလေသည်။

သာယာဝတီ ပန်းဆွဲညီလာခံတွင် ပန်းဆွဲဆရာတော်၊ ဆရာတော် ဦးကွာပိန္ဒမိပတိ၊ ဆရာတော် ဦးဝါသဝ၊ ဦးဥတ္တမညီ ရှင်အရိယကြီး၊ သခင်ထွန်းအုပ်၊ သခင်ဗစိန်၊ သခင်အောင်သန်း (နောင် ဗိုလ်စကြာ)၊ သခင်အေး၊ သခင်ညီ၊ သခင်ခင်အောင်၊ သခင်လှဖေ၊ သခင်ခ၊ သခင်ကျော်ရင်၊ သခင်ထွန်းဆိုင်၊ သခင်စောကြီး၊ သခင်အောင်ကြီး စသည်တို့ ပါဝင်၍ မော်လမြိုင် ညီလာခံတွင် သခင်သိန်းမောင်၊ သခင်မြ၊ သခင်လေးမောင်၊ သခင်ထွန်းတင်၊ သခင်ထိပ်တင် ကိုယ်တော်ကြီး၊ သခင်အောင်ဆန်း၊ သခင်လှဘော်၊ သခင်ဗမောင်ကြီး၊ သခင်သန်းထွန်း၊ သခင်ထွန်းစိန်၊ သခင်ဗရင်၊ သခင်စံထွန်းလှ စသည်တို့ ပါဝင်ကြသည်။ ဆရာကြီး သခင်ကိုယ်တော်မှိုင်းအားလည်း ပင့်ဆောင်ကာ ဆက်လက် လုပ်ဆောင်ကြ၏ ။ ဤတွင် တို့ဗမာအစည်းအရုံးကြီးမှာ ၂ ခုဖြစ်ကာ သခင်ကိုယ်တော်မှိုင်း တို့ဗမာအစည်းအရုံး၊ သခင်ဗစိန် တို့ဗမာအစည်းအရုံးဟူ၍ ဖြစ်ပေါ်လာပြီးလျှင် အနယ်နယ်အရပ်ရပ်တွင်မှ တို့ဗမာအစည်းအရုံးတို့လည်း နှစ်ပိုင်းကွဲပြားသွားလေသည်။

သို့ကလို တို့ဗမာအစည်းအရုံးကြီး နှစ်ခုဖြစ်ကာ လုပ်ဆောင်လာကြရာ လုပ်ငန်းဝါဒတို့သဘောမှ ခြားနားခြင်းမရှိလှသဖြင့် ၁၃၀၀ ပြည့် ပေါ်ပေါက်လာသော ရေနံသပိတ်အရေးတော်ပုံ၊ ကျောင်းသားအရေးတော်ပုံ၊

တောင်သူလယ်သမား အရေးတော်ပုံတို့တွင် တို့ဗမာအစည်းအရုံးနှစ်ခုစလုံးကပင် ကူညီအားပေး ရှက်ဆောင်ကြလေသည်။

ဤသို့လျှင် နိုင်ငံရေးရာတို့ကို အကြောင်းအားလျော်စွာ ရှက်ဆောင်လာကြရင်းပင် ဒုတိယကမ္ဘာစစ်ကြီး ဖြစ်ပွားမည့် အရိပ်အယောင်တို့လည်း ထွက်ပေါ်လာလေသည်။ ထို့နောက် ပဉ္စမအကြိမ် တို့ဗမာအစည်းအရုံးညီလာခံကို သာယာဝတီမြို့တွင် သခင်ကိုယ်တော်မှိုင်း ဦးဆောင်ကာ ၁၉၄၀ ပြည့်နှစ် မေ ၁၁ မှ ၁၃ ရက်အထိ ကျင်းပခဲ့လေသည်။ တို့ဗမာအစည်းအရုံးကြီးသည်လည်း ဒုတိယကမ္ဘာစစ် ဖြစ်မည့်အရေးကို မျှော်တွေးကာ အာရုံစိုက်လာကြသည့် အားလျော်စွာ ၁၉၄၁ တွင် ဂျပန်တို့ လျှို့ဝှက်ဆက်သွယ်ကြလေသည်။ ဤသို့ ဆက်သွယ်ရာတွင် အစည်းအရုံးကြီး ၂ ခုရှိရာ သခင်ကိုယ်တော်မှိုင်း အစည်းအရုံးသည် ဂျပန်ကြည်းတပ်နှင့် ၎င်းသခင် ဗစိန် တို့ဗမာအစည်းအရုံးကမူ ဂျပန်ရေတပ်မတော်နှင့် လည်းကောင်း အဆက်အသွယ်ပြုပြီးလျှင် ဂျပန်ပြည်သို့ တိတ်တဆိတ် လူငယ်များ စေလွှတ်ကြလေသည်။ ထိုစဉ်အတွင်း ဗမာပြည်ရှိ တို့ဗမာအစည်းအရုံးဝင် သခင်အမြောက်အမြားလည်း ကာကွယ်ရေး ဥပဒေနှင့် အဖမ်းအဆီးခံကြရလေသည်။ ၁၉၄၁ ခု ဒီဇင်ဘာ ၉ ရက်နေ့တွင် တို့ဗမာအစည်းအရုံးသည်လည်း အင်္ဂလိပ်အစိုးရ၏ မတရားသင်းအဖြစ် ကြေညာခံရလေသည်။

တို့ဗမာအစည်းအရုံးတို့မှ လျှို့ဝှက်စေလွှတ်လိုက်သော လူငယ်များသည် ထိုင်ဝမ်ကျွန်းတွင် လေ့ကျင့်ခန်းများ သင်ကြားပြီးနောက် ဗိုလ်မိုးကြိုး ဦးဆောင်သော ဗမာ့လွတ်လပ်ရေး တပ်မတော် (ဘီအိုင်အေ) ဟူသောအမည်ဖြင့် ဂျပန်တို့နှင့်အတူ ယိုးဒယား (ထိုင်း) နိုင်ငံမှတစ်ဆင့် မြန်မာပြည်သို့ ဝင်ရောက်တိုက်ခိုက် သိမ်းပိုက်ကြလေသည်။ မြန်မာပြည်တွင်းသို့ ရောက်သောအခါ ရဲဘော်သုံးကျိပ်တို့၏ စည်းရုံးမှုကြောင့် ဗမာ့လွတ်လပ်ရေး တပ်မတော် (ဘီအိုင်အေ)သို့

ဝင်ရောက်လာကြသူ လူငယ်အရေအတွက်မှာ အထူးများပြားလာသည် သာမက ရောက်လေရာ အရပ်တိုင်းကလည်း ဗမာ့တပ်မတော်အား အထူးကြိုဆိုကြလေသည်။

ရဲဘော်သုံးကျိပ်တို့မှာ သခင်ဗစိန် တို့ဗမာအစည်းအရုံးမှ သခင်ထွန်းအုပ်၊ ဗိုလ်စကြာ၊ ဗိုလ်နေဝင်း၊ ဗိုလ်စောနောင်၊ ဗိုလ်မြင့်ဆွေ၊ ဗိုလ်ဘုန်းမြင့်၊ ဗိုလ်စောနောင်၊ သခင်သန်းတင် (ဖော်မိုဘာတွင် ကျဆုံးသူ) နှင့် ဗိုလ်မိုးညိုတို့ ဖြစ်သည်။

ဆရာကြီး သခင်ကိုယ်တော်မှိုင်း တို့ဗမာအစည်းအရုံးမှ ဗိုလ်တေဇ (အာဇာနည် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း)၊ ဗိုလ်လကျ်ာ၊ ဗိုလ်ရန်နိုင်၊ ဗိုလ်အောင် (ဗိုလ်မှူးအောင်)၊ ဗိုလ်ရန်အောင်၊ ဗိုလ်ဇေယျ၊ ဗိုလ်မိုး၊ ဗိုလ်ရဲထွဋ်၊ ဗိုလ်လရောင်၊ ဗိုလ်မင်းခေါင်၊ ဗိုလ်ဗလ၊ ဗိုလ်ဉာဏ၊ ဗိုလ်မြဒင်၊ ဗိုလ်မင်းရောင်၊ ဗိုလ်မြင့်အောင်၊ ဗိုလ်လင်းယုန်၊ ဗိုလ်ဇင်ယော်၊ ဗိုလ်ကျော်ဇော၊ ဗိုလ်တာရာ၊ ဗိုလ်ထိန်ဝင်း၊ ဗိုလ်တောက်ထိန်တို့ ဖြစ်သည်။

၁၉၄၂ မတ် ၈ ရက် တနင်္ဂနွေနေ့ နံနက် ၈ နာရီအချိန်တွင် မြန်မာပြည် ရန်ကုန်မြို့တော်ကို အင်္ဂလိပ်လက်မှ ပြန်လည် သိမ်းပိုက်နိုင်ခဲ့ကြလေသည်။ ၁၉၄၂ မေ ၁၄ ကြာသပတေးနေ့တွင်ပင် မြန်မာပြည်အထက်ပိုင်း မြစ်ကြီးနားမြို့ကို ဗမာ့လွတ်လပ်ရေး တပ်မတော်နှင့် ဂျပန်တပ်များ သိမ်းယူလိုက်ကြလေသည်။

ဂျပန်စစ်သေနာပတိ ဂျင်နရယ်အီးဒါးက ဒေါက်တာဘမော်ကို အုပ်ချုပ်မှုစီစဉ်ရန်အတွက် အစည်းအဝေးခေါ်ရန် ဖိတ်ကြားစေသောကြောင့် ဒေါက်တာဘမော်သည် တို့ဗမာအစည်းအရုံးမှ သခင်ခေါင်းဆောင်များနှင့် ပူးပေါင်း၍ ၁၉၄၂ မေ ၂၁ ကြာသပတေးနေ့၌ မေမြို့ (ပြင်ဦးလွင်မြို့)တွင် အစည်းအဝေး ကျင်းပခဲ့သည်။ (၁၉၄၂ ဇွန် ၄ ရက်နေ့တွင် ဂျပန်စစ်ဗိုလ်ချုပ်ကြီး အီးဒါးက ဒေါက်တာဘမော်ကို ခေါင်းဆောင်စေ၍ အုပ်ချုပ်မှု စီစဉ်ရေးအဖွဲ့တစ်ဖွဲ့ ဖွဲ့စည်းပေးလိုက်သည်။ ယင်းအဖွဲ့တွင် ဒေါက်တာဘမော်၊ ဦးဘဘော၊

ဒေါက်တာသိန်းမောင်၊ သခင်သန်းထွန်း၊ သခင်မြ၊ သခင်နု၊ သခင်ထွန်းအုပ်၊ သခင်ဗစိန်၊ ဦးထွန်းအောင်၊ ဗန္ဓုလဦးစိန်၊ ဦးဘဝင်း၊ ဓားမဦးဘသိန်း၊ ဦးလှဖေ တို့ ပါဝင်ခဲ့ကြသည်။

ယင်းနောက် ၁၉၄၂ ဇွန် ၁၅ တွင် ဗမာ့လွတ်လပ်ရေး တပ်မတော်နှင့် ဂျပန်တပ်များက မြန်မာပြည်တစ်ပြည်လုံး လက်ရသိမ်းပိုက် ရရှိလိုက်ကြောင်း ကြေညာခဲ့ကြလေသည်။

၁၉၄၂ ဇူလိုင် ၂၆ ရက်နေ့တွင် ဗမာ့လွတ်လပ်ရေး တပ်မတော်ကိုလည်း ဗမာ့ကာကွယ်ရေး တပ်မတော် (ဘီဒီအေ)အဖြစ် ပြောင်းလဲဖွဲ့စည်းလိုက်ပြီး ၁၉၄၂ ဩဂုတ် ၁ ရက်တွင် ဂျပန်စစ်ဗိုလ်ချုပ်ကြီး အီးဒါးက သူ၏ လက်အောက်၌ စစ်အုပ်ချုပ်ရေးဖြစ်ဖြစ် အုပ်ချုပ်ရန် အစိုးရအဖွဲ့ ဖွဲ့စည်းစေခဲ့သောကြောင့် ဂျပန်စစ်အုပ်ချုပ်ရေးအဖွဲ့ ပေါ်ပေါက်လာသည်။ ယင်း အုပ်ချုပ်ရေးအဖွဲ့မှာ -

(၁) ဒေါက်တာဘမော် - ဝန်ကြီးချုပ်

(၂) သခင်မြ - ဒုဝန်ကြီးချုပ်

(၃) ဒေါက်တာသိန်းအောင် - ဘဏ္ဍာရေး

(၄) ဦးထွန်းအောင် - တရားဌာန

(၅) ဦးဘဝင်း - ပြည်ထဲရေးဌာန

(၆) သခင်သန်းထွန်း - မြေနှင့် လယ်ယာစိုက်ပျိုးရေး

(၇) သခင်ထွန်းအုပ် - သစ်တောနှင့် သတ္တုတွင်းဌာန

(၈) သခင်ဗစိန် - ဆည်မြောင်းနှင့် အလုပ်သမားဌာန

(၉) ဗန္ဓုလ ဦးစိန် - လမ်းလုပ်ငန်းအဆောက်အဦနှင့် ပြန်လည်ထူထောင်ရေး

(၁၀) ဦးလှဖေ - ကူးသန်းရောင်းဝယ်ရေးနှင့် စက်မှုလက်မှုဌာနတို့ ဖြစ်ကြသည်။

ထို့နောက် ၁၉၄၃ ဩဂုတ် ၁ ရက်တွင် ဒုတိယကမ္ဘာစစ်ကြီးအတွင်းမှာပင် မြန်မာပြည် လွတ်လပ်ရေး ကြေညာခွင့်ရရှိခဲ့သဖြင့် ကြေညာခဲ့ကြရလေသည်။ ဂျပန်ခေတ် လွတ်လပ်သေ အစိုးရအဖွဲ့သစ် ဝန်ကြီးများမှာ -

(၁) ဒေါက်တာဘမော် - နိုင်ငံတော်အဓိပတိ

(၂) သခင်မြ - ဒုတိယဝန်ကြီးချုပ်

(၃) ဒေါက်တာသိန်းမောင် - ဘဏ္ဍာရေးဝန်ကြီး

(၄) ဦးထွန်းအောင် - ပူးပေါင်းဆောင်ရွက်ရေးဌာန

(၅) ဦးဘဝင်း - ပြည်ထဲရေးဌာန

(၆) ဗန္ဓုလ ဦးစိန် - ကြီးပွားရေးဝါဒ ဖြန့်ချိရေးနှင့် သာသနာရေး

(၇) ဦးလှဖေ - သစ်တောနှင့် သတ္တုတွင်းဌာန

(၈) သခင်သန်းထွန်း - မြေယာနှင့် လယ်ယာစိုက်ပျိုးရေးဌာန

(၉) ဦးလှမင်း - ပညာရေးနှင့် စည်ပင်သာယာရေးဌာန

(၁၁) ပျော်ဘယ်ဦးမြ - ကူးသန်းရောင်းဝယ်ရေးနှင့် စက်မှုလက်မှု

(၁၂) ဦးအေး - အခွန်တော်ဌာန

(၁၃) သခင်နု - နိုင်ငံခြားရေးဌာန

(၁၄) ဗိုလ်ချုပ်အောင်ဆန်း - ကာကွယ်ရေးဌာန

(၁၅) သခင်လေးမောင် - လမ်းပန်းနှင့် ပြန်လည်ထူထောင်ရေးဌာန

(၁၆) သခင်လွန်းဘော် - လမ်းပန်းအဆောက်အဦနှင့် ပြန်လည်ထူထောင်ရေး

(သခင်လွန်းဘော်ကို ၁၉၄၃ စက်တင်ဘာ ၁၆ ရက်မှ ဖြည့်စွက်ခန့်အပ်သည်) တို့ ဖြစ်သည်။

ထိုအစိုးရအဖွဲ့သစ်တွင် သခင်ထွန်းအုပ်နှင့် သခင်ဗစိန်တို့ မပါဘဲ ရှိသဖြင့် တို့ဗမာအစည်းအရုံးဝင်အချို့သည် မကျေမနပ် ရှိကြလေသည်။ နောက်ဆုံး ၁၉၄၃ ဩဂုတ် ၁၁ ရက်တွင် ယင်းတို့နှစ်ယောက်ကို ဂျပန်တို့က ရှိုနန်ခေါ် စင်္ကာပူမြို့သို့ အကျယ်ချုပ်ဖြင့် ပို့လိုက်လေသည်။ လွတ်လပ်ရေးကို ကမ္ဘာသိကြေညာ၍ ပေးအပ်စေကာမူ ဂျပန်တို့၏ ရက်စက်ကြမ်းကြုတ်သော ဖက်ဆစ်အပြုအမူတို့ကို ကြိတ်မှိတ်ခံနေရကြရသော မြန်မာတို့မှာ အချိန်ကောင်းကို စောင့်မျှော်လျက်ရှိကြ၏ ။ ၁၉၄၅ တွင် ဂျပန်တို့ စစ်ရေးနိမ့်ကာ မဟာမိတ်ပ်တို့သည် မြန်မာပြည်သို့ ပြန်လည်တိုက်ခိုက် ဝင်ရောက်လာကြသည်။ ဗိုလ်ချုပ်အောင်ဆန်း၊ သခင်သန်းထွန်း၊ သခင်စိုး၊ သခင်ဗဟိန်း၊ သခင်ဗိုလ် စသည်တို့သည် မဟာမိတ်တပ်တို့နှင့် ဆက်သွယ်ကာ ဂျပန်တို့အား တော်လှန်၍ မြန်မာနိုင်ငံမှ မောင်းထုတ်ကြပြန်သည်။ ၁၉၄၅ ဧပြီလ ၂ ရက်တွင် မျိုးချစ်ဗမာ့တပ်မတော်သည် ဖက်ဆစ်ဂျပန်များကို တော်လှန်ပုန်ကန်ကြပြီဖြစ်ကြောင်း ကမ္ဘာသိ အသံလွှင့်ကြေညာလိုက်လေသည်။ ၁၉၄၅ မေလ ၁ ရက်တွင် မြန်မာ့မျိုးချစ်တပ်မတော်သည် မြန်မာပြည် ရန်ကုန်မြို့ကို ဖက်ဆစ်ဂျပန်များလက်မှ ပြန်လည်သိမ်းပိုက်လိုက်ကြသည်။ မြန်မာ့မျိုးချစ် တပ်မတော်သည် ရန်ကုန်မြို့ကို လက်ရသိမ်းပိုက်ပြီးနောက် ၂ ရက်ခန့်အကြာမှ အင်္ဂလိပ်တပ်များနှင့် အုပ်ချုပ်ရေးအဖွဲ့ဝင်များ ဝင်ရောက်လာကြလေသည်။ ထိုနေ့ကျမှ သိမ်းယူရရှိပြီးဖြစ်ကြောင်းကိုလည်း ကြေညာကြလေသည်။ ထို့နောက် မြန်မာနိုင်ငံကို ကက်စဘီ (C.A.S (B))ခေါ် မြန်မာပြည်မြို့ပြ အုပ်ချုပ်ရေးအဖွဲ့များက အုပ်ချုပ်ခဲ့လေသည်။

ထိုအချိန်တွင် ၁၉၄၅ ၌ တို့ဗမာအစည်းအရုံးဝင် သခင်များ ဖြစ်ကြသော သခင်လေးမောင်၊ သခင်အေး၊ သခင်သိန်းမောင်၊ သခင်ဘသောင်း၊ သခင်ညီ၊ သခင်ကျော်စိန်၊ သခင်မြင့်၊ သခင်ဗရန်၊ သခင်ဘရင်၊ သခင်ခင်မောင် စသည်တို့သည် သခင်ကိုယ်တော်မှိုင်းအား ဥက္ကဋ္ဌတင်ပြီးလျှင် တို့ဗမာအစည်းအရုံးဌာနချုပ်ကို ပြန်လည်ဖွင့်လှစ်ကာ ဆက်လက်ဆောင်ရွက်ကြသည်။ သခင်အောင်ဆန်း၊ သခင်မြ၊ သခင်သန်းထွန်းတို့က ဖက်ဆစ်တိုက်ဖျက်ရေး ပြည်သူ့လွတ်လပ်ရေးအဖွဲ့ (ဖတပလ)မှ ဖက်ဆစ်ဆန့်ကျင်ရေး ပြည်သူ့လွတ်လပ်ရေးအဖွဲ့ (ဖဆပလ)အမည်သို့ ပြောင်းလဲကာ ပါတီအလိုက်ရော၊ တစ်ဦးချင်းပါ ပါဝင်နိုင်သော အဖွဲ့ချုပ်ကို ဖွဲ့စည်းလိုက်ကြသည်။ တို့ဗမာအစည်းအရုံးကလည်း ဖဆပလနှင့် ဆက်သွယ်လိုက်ကြသည်။ သို့သော် မကြာမီမှာပင် သဘောကွဲလွဲကာ ဖဆပလမှ နုတ်ထွက်လိုက်ကြသည်။

ဗြိတိသျှအစိုးရသည် ကက်စဘီအစိုးရကို ရုတ်သိမ်းပြီးနောက် ဘုရင်ခံဟောင်းဖြစ်သူ ဆာဒေါ်မန်စမစ်အား ၁၉၃၅ မြန်မာပြည် အုပ်ချုပ်ရေးဥပဒေအရ အုပ်ချုပ်စေသည်။ ဘုရင်ခံ ဆာဒေါ်မန်စမစ်သည် ၁၉၄၅ နိုဝင်ဘာလတွင် ဗမာပြည်အား ဒိုမီနီယန်လွတ်လပ်ရေးပေးအပ်ရန် လာပါသည်ဟုဆိုကာ ပြည်သူတို့အား ဖိတ်ခေါ်လေရာ တို့ဗမာအစည်းအရုံးသည် ထိုစက္ကူဖြူအစိုးရအဖွဲ့တွင် ပါဝင်ဆောင်ရွက်ကြလေသည်။ သခင်ရန်အောင်သည် ပညာရေးဝန်ကြီးအဖြစ် လည်းကောင်း၊ သခင်ညီ၊ သခင်အေး၊ သခင်ကျော်စိန်၊ သခင်လူထွန်းတို့သည် ဥပဒေပြုအမတ်များအဖြစ်နှင့် လည်းကောင်း ဆောင်ရွက်ကြ၏ ။ မကြာမီ သခင်ထွန်းအုပ်သည် ထိုင်းနိုင်ငံ ဘန်ကောက်မြို့မှတစ်ဆင့် လေယာဉ်ပျံဖြင့် ဗြိတိသျှစစ်တပ်က ပြန်ပို့လိုက်ရာ မြန်မာပြည်သို့ ပြန်လည်ရောက်ရှိလာသည်။ ထို့နောက် ဘုရင်ခံ၏ အလုပ်အမှုဆောင်ကောင်စီကို တိုးချဲ့ဖွဲ့စည်းရာ သခင်ထွန်းအုပ်သည်

စီမံကိန်းဌာနဝန်ကြီးအဖြစ် ပြန်လည်ခန့်အပ်ခြင်း ခံရသည်။

ဤသို့ ဆာဒေါ်မန်စမစ် အုပ်ချုပ်ရေး လုပ်ကိုင်နေစဉ် မြန်မာနိုင်ငံ ပုလိပ်အဖွဲ့ကြီးနှင့် အမှုထမ်းပေါင်းစုံ အဖွဲ့ကြီးတို့၏ သပိတ်အရေးတော်ပုံများ ပေါ်ပေါက်လာလေရာ ဗြိတိသျှအစိုးရသည် ဘုရင်ခံ ဆာရယ်ဂျီနယ် ဒေါ်မန်စမစ်အား ပြန်၍ ခေါ်ရလေတော့သည်။ ယင်းနေရာတွင် ဘုရင်ခံအဖြစ် ဆာဟင်နရီနိုက် ခေတ္တရောက်ရှိလာပြီး မကြာမီပင်လျှင် ဘုရင်ခံ ဆာဟူးဘတ်ရန့်စ် ရောက်လာလေသည်။

ဆာဟူးဘတ်ရန့်စ် ရောက်ရှိလာပြီး မကြာမီမှာပင် ဖဆပလအဖွဲ့နှင့် စေ့စပ်၍ ဗိုလ်ချုပ်အောင်ဆန်းအား အစိုးရအဖွဲ့ဖွဲ့ရန် လွှဲအပ်လေသည်။ ဗိုလ်ချုပ်အောင်ဆန်း အစိုးရဖွဲ့သောအခါ တို့ဗမာအစည်းအရုံး၏ ကိုယ်စားလှယ်အဖြစ် ဂျာမားမှ ပြန်လည်ရောက်ရှိလာသော သခင်ဗစိန်အား သယ်ယူပို့ဆောင်ရေးနှင့် လမ်းပန်းဆက်သွယ်ရေး ဝန်ကြီးအဖြစ် ထည့်သွင်းခန့်ထားလေသည်။ ထိုအချိန်တွင် တို့ဗမာအစည်းအရုံးကြီး၏ အာဘော်ဖြစ်သော နေ့စဉ်ထုတ် သခင်သတင်းစာ ကို သခင်အေးနှင့် သခင်ထွန်းအုပ်တို့က တာဝန်ယူ ထုတ်ဝေကာ အရေးကြီးသော နိုင်ငံရေးကိစ္စအဂ္ဂတို့ကို ပြင်းပြင်းထန်ထန် ဝေဖန်ရေးသားလျက် ရှိသည်။

ယင်းနောက် ၁၉၄၇ ဇန်နဝါရီ ဗမာ့လွတ်လပ်ရေးကိစ္စအတွက် ဆွေးနွေးရန် ဗြိတိသျှအစိုးရ ဖိတ်ခေါ်လေရာ ဗိုလ်ချုပ်အောင်ဆန်းနှင့် အစိုးရအဖွဲ့ဝင် ဝန်ကြီးများ အင်္ဂလန်ပြည်သို့ ထွက်ခွာလေသည်။ ထို့နောက် ၁၉၄၇ ဇန်နဝါရီ ၁၃ ရက်နေ့မှစ၍ ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့နှင့် ဗြိတိသျှအစိုးရအဖွဲ့တို့ စတင်ဆွေးနွေးခဲ့ကြသည်။ ထို့နောက် ၁၉၄၇ ဇန်နဝါရီ ၂၇ ရက်တွင် မြန်မာကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်အောင်ဆန်းနှင့် ဗြိတိသျှ နန်းရင်းဝန် အက်တလီတို့ `အောင်ဆန်း-အက်တလီစာချုပ်� ကို လက်မှတ်ရေးထိုးခဲ့ကြလေသည်။ အစိုးရစာချုပ်ကို ဂဠုန်ဦးစောနှင့် သခင်ဗစိန်တို့က

သဘောကွဲလွဲကာ လက်မှတ်ထိုးရန် ငြင်းပယ်ခဲ့ကြသည်။ သခင်ဗစိန်နှင့် ဂဠုန်ဦးစောတို့သည် ၁၉၄၇ ဖေဖော်ဝါရီလ ၁၉ ရပ်တွင် ဝန်ကြီးအဖွဲ့မှ နုတ်ထွက်သွားသောကြောင့် ၁၉၄၇ ဖေဖော်ဝါရီလ ၂၃ ရက်တွင် ကြားဖြတ်ယာယီအစိုးရအဖြစ် အမည်ပေးကာ ပြန်လည်ဖွဲ့စည်းလိုက်ကြသည်။

၁၉၄၇ ခုနှစ် ဧပြီလ ၉ ရက်တွင် တိုင်းပြုပြည်ပြုလွှတ်တော် ရွေးကောက်ပွဲကို မြန်မာပြည် (၁၉၃၅) ရွေးကောက်ပွဲ အက်ဥပဒေအတိုင်း ကျင်းပပြုလုပ်ပေးလိုက်သည်။

ထို့နောက် ၁၉၄၇ ဇူလိုင်လ ၁၉ ရက်တွင် ရန်ကုန်မြို့ အတွင်းဝန်များရုံး (နောက်ဝန်ကြီးများရုံး) အတိုင်ပင်ခံအဖွဲ့ အစည်းအဝေးပြုနေစဉ်အတွင်း ဂဠုန်ဦးစော၏ စေခိုင်းချက်အရ လူသတ်သမားတို့ လုပ်ကြံသတ်ဖြတ်မှုကြောင့် ဗိုလ်ချုပ်အောင်ဆန်း အပါအဝင် အစိုးရအဖွဲ့ဝင်ဝန်ကြီး ၆ ဦး၊ အမှုထမ်း ၂ ဦးတို့ ကျဆုံးခဲ့ရလေသည်။ ထိုနေ့ ညတွင်းချင်းပင် ဘုရင်ခံ ဆာဟူးဘတ်ရန့်စ်က သခင်နုကို ခေါ်၍ ကြားဖြတ်ယာယီအစိုးရအဖွဲ့ ခန့်အပ်နှင်းလိုက်ရာ ဖော်ပြပါအတိုင်း ဖွဲ့စည်းလိုက်လေသည်။

*

## ကြားဖြတ်ယာယီအစိုးရအဖွဲ့

(၁) သခင်နု - ဒုတိယသဘာပတိ

(၂) ဗိုလ်လက်ျာ - ကာကွယ်ရေးဌာနဝန်ကြီး

(၃) ဗိုလ်မှူးဖိုးကွန်း - ပညာရေးဌာနဝန်ကြီး

(၄) သခင်လွန်းဘော် - ပြန်ကြားရေးဌာနဝန်ကြီး

(၅) သခင်တင် - လယ်ယာစိုက်ပျိုးရေးဌာနဝန်ကြီး

(၆) ဟသ်ာတဦးမြ - စက်မှုလက်မှုနှင့် အလုပ်သမားဌာန ဝန်ကြီး

(၇) ပျော်ဘွယ်ဦးမြ - ဘဏ္ဍာရေးဌာနဝန်ကြီး

(၈) ဦးအောင်ဇံဝေ - ပြည်သူ့ဝန်ထမ်းဌာနဝန်ကြီး

(၉) ဦးဘဂျမ်း - ပြန်လည်ထူထောင်ရေးဌာနဝန်ကြီး

(၁၀) ဦးကျော်ငြိမ်း - ပြည်ထဲရေးနှင့် တရားရေးဌာနဝန်ကြီး

(၁၁) စောစံဖိုးသင် - လမ်းပန်းဆက်သွယ်ရေးဌာနဝန်ကြီး

(၁၂) ဦးဖေခင် - ဌာနလက်ကိုင်မရှိ

(၁၃) မန်းဝင်းမောင် - ဌာနလက်ကိုင်မရှိ

(၁၄) စပ်ခွန်ချို - ဌာနလက်ကိုင်မရှိတို့ ဖြစ်သည်။

တိုင်းပြုပြည်ပြုလွှတ်တော် သုံးကြိမ်မြောက် ညီလာခံအစည်းအဝေးကို ၁၉၄၇ စက်တင်ဘာလ ၂၄ ရက်တွင် ပြန်လည်ကျင်းပရာ မြန်မာနိုင်ငံ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေကို တင်သွင်းဆွေးနွေးလက်ခံ အတည်ပြုပြဋ္ဌာန်းလိုက်ကြသည်။

ယင်းနောက် ၁၉၄၇ အောက်တိုဘာလ ၁၇ ရက်နေ့တွင် နိုင်ငံတော် ယာယီဝန်ကြီးချုပ် ဦးနုနှင့် ဗြိတိသျှ နန်းရင်းဝန် အက်တလီတို့ လန်ဒန်မြို့ ဒေါင်းနင်းလမ်း အမှတ်(၁၀)ရှိ ဝန်ကြီးချုပ်ရုံးခန်းတွင် သမိုင်းဝင် `နု - အက်တလီစာချုပ်� ကို လက်မှတ်ရေးထိုး ချုပ်ဆိုခဲ့ကြပြီး ၁၉၄၈ ဇန်နဝါရီလ ၄ ရက်နေ့တွင် နံနက် ၄း၂၀ နာရီတွင် ဗြိတိသျှတို့က နှစ်ပေါင်း ၁၀၀ ကျော်ခန့် စိုးမိုးအုပ်ချုပ်ခဲ့သော မြန်မာနိုင်ငံအား လုံး၀ လွတ်လပ်ရေးပေးကာ ကမ္ဘာသိ ထုတ်ပြန်ကြေညာ ပေးအပ်ခဲ့ရလေသည်။ လွတ်လပ်ရေး ရရှိသောအခါ တို့ဗမာအစည်းအရုံးသည် အတိုက်အခံ အစည်းအရုံးအဖြစ် ရပ်တည်ကာ နိုင်ငံရေး

ဆက်လက်ဆောင်ရွက်ခဲ့လေသည်။

ထို့နောက် မြန်မာ့လွတ်လပ်ရေးအတွက် ရှေ့တန်းမှ ပါဝင်ဆောင်ရွက်ခဲ့ပြီး ထိပ်တန်းနိုင်ငံရေးနှင့် စစ်ရေးခေါင်းဆောင်များကို မွေးထုတ်ပေးခဲ့သော တို့ဗမာအစည်းအရုံးသည် ၁၉၆၂ ခုနှစ်တွင် ဖျက်သိမ်းခံလိုက်ရလေသည်။ စတင်ဖွဲ့စည်းသည့် ၁၉၃၀ မှ ဖျက်သိမ်းခံရသည့် ၁၉၆၂ အထိ ၃၂ နှစ် သက်တမ်းတစ်လျှောက် မြန်မာ့လွတ်လပ်ရေးအတွက် စွမ်းစွမ်းတမံ ပါဝင်ဆောင်ရွက်ခဲ့သော တို့ဗမာအစည်းအရုံးသည် ကိုလိုနီခေတ် မြန်မာ့သမိုင်းတွင် ထင်ရှားခဲ့သည့် အဖွဲ့အစည်းကြီးတစ်ခု ဖြစ်လေသည်။

သို့ကလို မြန်မာ့လွတ်လပ်ရေး ကြိုးပမ်းမှုသမိုင်း၌ ထင်ရှားခဲ့သော တို့ဗမာအစည်းအရုံးဝင် သခင်များ၏ အတ္ထုပ္ပတ္တိကို စုစည်းဖော်ပြလိုက်ပါသည်။

*

# သခင်ကိုယ်တော်မှိုင်း



လူထု၏ ချစ်ခင်လေးစားခြင်းကို ခံယူရရှိသော ဆရာကြီး သခင်ကိုယ်တော်မှိုင်းသည် မြန်မာ့လွတ်လပ်ရေး ကြိုးပမ်းမှုသမိုင်းတွင် ရာစုခေတ်တစ်ခေတ်နီးပါးမျှ ကလောင်ဖြင့် တိုက်ပွဲဝင်ခဲ့သည်သာမက ကိုယ်တိုင်လည်း ပါဝင်လှုပ်ရှားဆောင်ရွက်ခဲ့သူ ဖြစ်သည်။

ထို့ကြောင့် `သခင်ကိုယ်တော်မှိုင်းဋီကာ' စာအုပ်ကို ပြုစုခဲ့သော ဆရာဇော်ဂျီက ``အိန္ဒိယလွတ်လပ်ရေးကို နေရူးသည် လောလောဆယ်အားဖြင့် ယူပေးခဲ့သည်မှာ မှန်၏ ။ သို့ရာတွင် တိုင်းပြည်၏ ဆန္ဒအင်အားကို `တဂိုး'က စည်းရုံးပေးနိုင်ခဲ့သောကြောင့် ဖြစ်သည်။ တရုတ်ပြည်သစ် ထူထောင်ရေးကို `မော်စီတုန်း' သည် လောလောဆယ်အားဖြင့် ယူပေးခဲ့သည်မှာ မှန်၏ ။ သို့ရာတွင် တိုင်းပြည်၏ ဆန္ဒအင်အားကို `လူရွှန်း'က စည်းရုံးပေးခဲ့သောကြောင့် ဖြစ်၏ ။

ထိုနည်းတူစွာ မြန်မာလွတ်လပ်ရေးကို ဗိုလ်ချုပ်အောင်ဆန်းသည် လောလောဆယ်ယူပေးခဲ့သည်မှာ မှန်၏ ။ သို့ရာတွင် တိုင်းပြည်၏ ဆန္ဒအင်အားကို ဆရာကြီးသခင်ကိုယ်တော်မှိုင်းက စည်းရုံးပေးခဲ့သောကြောင့် ဖြစ်သည်ဟု ယူဆပါသတည်း�� ဟူ၍ ရေးသားဖော်ပြထားလေသည်။

ဤအထိ ဆရာကြီးသခင်ကိုယ်တော်မှိုင်း၏ စာပေတို့သည် အစွမ်းထက်ခဲ့သည်။ ကျေးဇူးကြီးမားခဲ့သည်။ မှန်ပေသည်။ လောကအမြင်အကြားတို့ဖြင့် ပြီးသော အနုပညာလက်ရာမှန်သမျှသည် နှစ်သက်ခြင်းပီတိနှင့်တကွ လောကအမြင်တို့ကိုပါ ပေးတတ်သည်ဟု ဆိုကြလေသည်။ ဆရာကြီး၏ စာများကို ဖတ်ရှုသူတိုင်းသည် နှစ်သက်ခြင်းပီတိကို ဖြစ်ခဲ့သည်သာမက ပတ်ဝန်းကျင် လောကကို မြင်တတ်၊ ကြားတတ်ချင်သော ဆန္ဒ တိုးလာသည်ကို သတိပြုမိသည်။

မြန်မာ့လွတ်လပ်ရေး ကြိုးပမ်းမှုတွင် ဆရာကြီး၏ စာများသည် မြန်မာစာပေဘက်မှနေ၍ ကြီးစွာသော အထောက်အပံ့ကို ပေးခဲ့သည်။ ဆရာကြီး၏ ဇာတိမာန်ကဗျာများသည် များသောအားဖြင့် လေးချိုးရှည်ကြီးများ ဖြစ်၍ ထိုကဗျာများကို ဆရာကြီး၏ မှာတော်ပုံများ၌ လည်းကောင်း၊ ဆောင်းပါးပေါင်းချုပ်၌ လည်းကောင်း၊ ဒေါင်းဋီကာ၊ မျောက်ဋီကာ၊ မျောက်ပဏ္ဍိ၊ ဘိုင်းကောက်ဋီကာ၊ ခွေးဋီကာ၊ ခွေးကဏ္ဍိများ၌ လည်းကောင်း ဖတ်ရှုနိုင်ပေဉီသည်။

ဆရာကြီး သခင်ကိုယ်တော်မှိုင်းသည် ထိုစဉ်က ထိုကဗျာများမှတစ်ဆင့် မြန်မာရာဇဝင်နှင့် မြန်မာစာပေယဉ်ကျေးမှုတို့ကို မေ့လုမတတ် စည်းကမ်းပျက်နေကြသော မြန်မာတို့၏ စိတ်ဓာတ် အညွှံ့အဖျင်းများကို ပကတိ အဆင်းအရောင်နှင့် ပြည့်စုံလာစေရန် မြန်မာမင်းကောင်းမင်းမြတ်တို့၏ အကြောင်းကိုလည်းကောင်း၊ မြန်မာရာဇဝင် အဖြစ်အပျက်များကို လည်းကောင်း၊ မြန်မာစာပေ ယဉ်ကျေးမှုအကြောင်းကို လည်းကောင်း၊ လွမ်းဆွတ်ဖွယ်၊ ကြည်ညိုဖွယ်၊ အားတက်ဖွယ်ဖြစ်အောင် မြန်မာလူထု နားလည်နိုင်သော

နည်းပရိယာယ်ဖြင့် ကြံဆောင်နှိုးဆော်ပေးခဲ့သည်။ ဆရာကြီး၏ ကဗျာများသည် ပညာဂုဏ်ကို ဖော်လို၍ ဟိတ်တစ်လုံး ဟန်တစ်လုံးနှင့်ဖွဲ့ဆိုသော ကဗျာမျိုးမဟုတ်။ ကြည်လင်သောစေတနာဖြင့် သက်သက်သာသာ နာစချင့်ဖွယ်ဖြစ်အောင် ဖွဲ့ဆိုသော ကဗျာမျိုး ဖြစ်သည်။

ဆရာကြီး၏ စာပေနှင့် ဘဝခရီးစဉ်သည် မြန်မာ့လွတ်လပ်ရေး ကြိုးပမ်းမှု၏ ခရီးစဉ်နှင့် တပြေးညီဖြစ်ခဲ့သည်။ သို့ကလို လူထုအား ဝံသာနုစိတ်ဓာတ် မြင့်မားစေရေးအတွက် ရှေ့ဆောင်လမ်းပြခဲ့သော မျိုးချစ်စာဆိုတော်ကြီး ဆရာကြီး သခင်ကိုယ်တော်မှိုင်းကို ပြည်ခရိုင်၊ ရွှေတောင်မြို့နယ်၊ ဝါးလည်ရွာ၌ အမိ ဒေါ်အုန်း၊ အဖ ဦးစံဒွန်းတို့မှ ၁၈၇၆ ခုနှစ် မတ်လ ၂၃ ရက်နေ့တွင် ဖွားမြင်ခဲ့သည်။ မွေးချင်းငါးယောက်အနက် ဒုတိယမြောက် ဖြစ်သည်။ အမည်ရင်းမှာ မောင်လွမ်းမောင် ဖြစ်သည်။ ငယ်စဉ်ကပင် ဉာဏ်ထက်မြက်သည်ဟု ဆိုလေသည်။ ဆရာကြီး၏ ကံ့ကူလက်လှည့်ဆရာမှာ မြန်မာစာပေသမိုင်းတွင် နေလပမာ ထင်ရှားလှသော ရွှေတောင်ကျီးသဲလေးထပ် ဆရာတော်ဘုရားကြီး (မြန်မာသက္ကရာဇ် ၁၁၇၈-၁၂၅၆) ဖြစ်သည်။

ထို့နောက် သီပေါမင်းလက်ထက် မန္တလေးနေပြည်တော် မြတောင်ကျောင်းတိုက်၌ ပညာဆက်လက်သင်ယူသည်။ ဆရာကြီး၏ အသက် ၁၀ နှစ်၊ ၁၈၈၆ ခုနှစ် နိုဝင်ဘာ ၂၉ ရက်နေ့တွင် ထူးခြားလှသော အခြင်းအရာတစ်ခုကို တွေ့မြင်ခဲ့ရလေသည်။ ထိုအခြင်းအရာကား အင်္ဂလိပ်လက်သို့ အရှင်နှစ်ပါး လိုက်ပါသွားရသည့် ပါတော်မူမြင်ကွင်းပင်တည်း။ ပါတော်မူမြင်ကွင်းကြောင့် ပြည်သူတစ်ရပ်လုံး ယူကျုံးမရဖြစ်ခဲ့ရသည်ကို တွေ့မြင်မိကာ ထိတ်လန့်ပူပန်၍ မခံချင်စိတ်၊ ဇာတိမာန်စိတ်တို့ ဆရာကြီးရင်ထဲ၌ ဖြစ်ပေါ်လာခဲ့လေသည်။ ယင်းနှင့်ပတ်သက်၍ ဆရာသိန်းဖေမြင့်က ၁၉၃၇ ခုနှစ်က ရေးသားထုတ်ဝေသော သူ၏ `သခင်ကိုယ်တော်မှိုင်းအမည်ခံ ဆရာလွန်း၏ အတ္ထုပ္ပတ္တိ' ၌

`မြတောင်တိုက်ကျောင်းကြီးတစ်ကျောင်းရှိ ကပြင်၏ လက်ရန်းပေါ်တွင်

လူချောချော ဆယ်နှစ်သားအရွယ်တစ်ယောက် ထိုင်နေလေ၏။ သူသည် သျှောင်ပေစူးကလေးကို ကျစ်နေအောင် ထုံးလျက်ထား၏။ တရုတ်တိုက်ပုံအကျႌ တောင်ရှည်ပုဆိုးကလေး ဝတ်ထား၏။ ထိုသူကလေးသည် သီပေါမင်း ပါသွားသည်ကိုမြင်လျှင် ငိုရှာလေသည်။ ဖမ်းထဲ၌ လှိုက်လှိုက်နှင့် ပူနေတော့၏။ အဖိုးများစွာ ထိုက်တန်သော အရာကလေးတစ်ခု ပျောက်သွားသည်ဟု ထင်ရှာလေ၏။ ထိုလူငယ်သည် အသက်ငယ်သေးသော်လည်း (အင်းငါတို့တစ်မျိုးလုံး လူမျိုးခြား ကျွန်ဖြစ်ပြီ) ဟု သိကာ မချိမဆံ့ ဖြစ်နေလေ၏။ နောက်ဘုရင်သည် ဂေါဝန်ဆိပ် ဆင်းသောအခါ ကျောင်းဦးဘုရားသို့ ထိုသူငယ်သည် သွားလေ၏။ ဘုရားကို ရိုသေစွာကန်တော့ပြီး (တပည့်တော်ကား ကမ္ဘာပျက်ခါနီး မှ လူဖြစ်ရပါသည်။ ယခု တပည့်တော်တို့ လူမျိုးသည် ကျွန်ဖြစ်ခဲ့ပါပြီ၊ နောက်ဖြစ်လေရာဘဝ၌ ဘုရားတပည့်တော်သည် ကျွန်လူမျိုး၌ မဖြစ်ရပါစေနှင့်ဘုရား)ဟု ဆုတောင်းလေ၏ ?? ဟု ဆိုခဲ့လေသည်။

မန္တလေးတွင် ထီးနန်းကွယ်ပျောက်သည့်အခါမှစ၍ ဆရာကြီးသည် မြတောင်ကျောင်း၌ အတည်တကျ မနေတော့ဘဲ ချောင်းဦး၊ အလုံ၊ မုံရွာ၊ ကြေးမုံ၊ ဘုတလင် စသောအရပ်များသို့ ကိုရင်ဘဝဖြင့် လှည့်လည်၍ စာသင်ပြန်လေသည်။ ထိုအခါကပင် မေတ္တာစာ၊ မှတ်တမ်းတို့ကို ရေးစပြုသည်ဟု ဆိုလေသည်။ ဤသို့ အလုံ၊ မုံရွာ စသည်တို့၌ တစ်လှည့်၊ မန္တလေး၌ တစ်လှည့် စာသင်ရင်း ခရီးလှည့်လည်ရင်းပင် ဆရာကြီး အသက် ၁၉ နှစ်အရွယ်သို့ ရောက်လာရာ အဖ ဦးစံဒွန်းသည် ၁၈၉၄ ခုနှစ်တွင် ကွယ်လွန်ခဲ့လေသည်။

ဤတွင် ဆရာကြီးသည် ရန်ကုန်သို့ ခြေဦးလှည့်ရလေတော့သည်။ ဆရာကြီးသည် တစ်သက်လုံး ရဟန်းပြုနေထိုင်ရန် ရည်မှန်းထားသော်လည်း ခိုကိုးရာမဲ့ဖြစ်သော မိခင်ကြီးကို လုပ်ကျွေးသမှုပြုရန် လူထွက်ခဲ့လေသည်။ ထို့နောက် မော်လမြိုင်ဆင်း၍ အလုပ်ရှာခဲ့လေသည်။ ထိုအခါမှစ၍ အသက် ၁၉ နှစ်အရွယ်အထိ သင်ကြားခဲ့သော ပညာနှင့်တကွ မန္တလေး၊ အလုံ၊ မုံရွာတို့၌

ကြားမြင်တွေ့ကြုံခဲ့သော သုတ၊ ဒိဋ္ဌ၊ မုတတို့ကို ပြန်လည်သုံးသပ်၍ ကလောင်ကိုင်ခဲ့လေသည်။ နောင် ရေးလတ္တံ့သော စာပေအစုစုသည် ဆရာကြီး အသက် ၁၉ နှစ်အရွယ်အထိ အညာဒေသ၌ စုဆောင်းသိမ်းဆည်းခဲ့သော ပညာနှင့်တကွ အကြားအမြင် ဗဟုသုတ၊ ကိုယ်တွေ့မှတ်တမ်းတို့၏ ကြေးမုံပင် ဖြစ်လေသည်။ မော်လမြိုင်မြို့ရှိ `မြန်မာတိုင်း' သတင်းစာတွင် ပဏ္ဍိတလေးအမည်ဖြင့် ကဗျာများ၊ ဆောင်းပါးများ ရေးသားခဲ့သည်။

မော်လမြိုင်မှတစ်ဖန် ၁၉၀၀ ပြည့်နှစ်တွင် ရန်ကုန်မြို့သို့ ရောက်ခဲ့သည်။ ဆရာကြီးသည် ရှေးဦးစွာ ရန်ကုန်မြို့ ဆူးလေဘုရားလမ်းအနီး ၃၁ လမ်းရှိ ဇမ္ဗူ့ကျက်သရေ စာပုံနှိပ်တိုက်၌ အလုပ်ရသည်။ အလုပ်မှာ ပထမ စာစီအလုပ်ဖြစ်သည်။ ထိုမှတစ်စတစ်စ စာပြင်အယ်ဒီတာ ဖြစ်လာသည်။ ဇမ္ဗူ့ကျက်သရေ၌ အလုပ်လုပ်နေစဉ် ဆရာကြီးသည် တစ်ဖက်မှ ကြိုးစား၍ ကလောင်စမ်းစပြုနေသည်ဟု ဆိုလေသည်။ ထိုခေတ်မှာ ဇာတ်ပွဲများ ခေတ်စားသောခေတ် ဖြစ်သည်။ ဇာတ်ပွဲများကို အကြောင်းပြု၍ ဇာတ်ကရန် ပြဇာတ်များ ခေတ်စားနေသည်။ ၂ ပဲတန် ပြဇာတ်စာအုပ်များ ပလူပျံသကဲ့သို့ ပေါ်ထွက်နေ၏ ။ ပြဇာတ်များကိုလည်း ထုတ်ဝေသူတို့က သွက်လက်စွာ ရိုက်နှိပ်ရောင်းချနေသလို ပြဇာတ်ရေးဆရာတို့လည်း ဝင်ငွေလမ်းဖြောင့်နေသည်။ ဉာဏ်ပူဇော်ခမှာ စာမျက်နှာ ၈၀ ကျော်သာရှိသည့် ပြဇာတ်တစ်ထုပ်အတွက် ၁၅ ကျပ်၊ ၂၀ ကျပ်သာ ဖြစ်သည်။ ဆရာကြီးသည် မောင်လွမ်းကလောင်းအမည်ဖြင့် ပြဇာတ်များရေးခဲ့ရာ စုစုပေါင်းပုဒ်ရေ ၈၀ ကျော်ရှိသည်ဟု သိရသည်။ ဆရာကြီးအဖို့ ပြဇာတ်တစ်ထုပ်ကို နှစ်ညခန့်သာ ရေးရသဖြင့် ပြဇာတ်အများအပြား ရေးနိုင်ခဲ့ခြင်း ဖြစ်သည်။ ဆရာကြီး၏ ပြဇာတ်များကို ရုပ်သေးဦးဖူးညို၊ ဇာတ်မင်းသားကြီး စိန်ကတုံး၊ ယောက်ျားမင်းသမီး မယ်အောင်ဗလ၊ ဂရိုတ်ဦးဖိုးစိန်တို့က ခင်းကျင်းပြသကြသည်ဟု ဆိုသည်။ ဆရာကြီး ရေးခဲ့သော ပြဇာတ်များအနက် `ရွှေတိဂုံဘုရား အမှုူးကျားဖူးတက်သော ဇာတ်ဆန်း' ပြဇာတ်သည် အရောင်းရဆုံး

ဖြစ်သည်။ အမှန်တကယ်ပင် ၁၈၇၃ ခုနှစ်၊ မတ်လ ၂ ရက်နေ့တွင် ရွှေတိဂုံစေတီတော် အင်္ဂါထောင့်သို့ ကျားတစ်ကောင် တက်ရောက်ခဲ့သဖြင့် သက်ဆိုင်ရာ အာဏာပိုင်တို့က သေနတ်ဖြင့် ပစ်ခတ်ခဲ့ရသည်။

သို့သော် ပြဇာတ်ရေးရာတွင် ဆရာသမားများ၏ ဂုဏ်သိက္ခာကို ထိခိုက်မှာစိုး၍ နာမည်ရင်းဖြင့် မရေးဘဲ `ရွှေတောင်မောင်လွမ်း' ဟူသော အမည်ဖြင့် ရေးသားလေသည်။

ဦးမောင်မောင်စ၊ ဒေါ်မမလေးတို့ ပိုင် ဇမ္ဗူ့ကျက်သရေ စာပုံနှိပ်တိုက်၌ စာပြဆရာ လုပ်နေစဉ်မှာပင် တိုက်ရှင်များက ၁၈၇၃ ခုနှစ်တွင် ရန်ကုန်မြို့၊ ကြည့်မြင်တိုင် ငါးကြော်ဖိုရပ်နေ ဆန်စပါးပွဲစား ဦးနု၊ ဒေါ်နှင်းတို့၏ သမီး ဒေါ်ရှင်နှင့် အိမ်ထောင်ချ၍ ပေးလေသည်။

ဇမ္ဗူ့ကျက်သရေ စာပုံနှိပ်တိုက်ကို အစုစပ်လီမိတက် သတင်းစာလုပ်လိုက်ပြီးနောက် မကြာကြီး ပုဏ္ဏားဦးဘဘေဆိုသူပိုင် ဖြစ်သွားလေသည်။ လုပ်ငန်းတိုးတက်မှုလည်း မရှိ၊ လခလည်း မမှန်၊ ဆရာရင်းများလည်း မရှိတော့သဖြင့် ထိုတိုက်မှထွက်ကာ `ရန်ကုန်တိုင်း သတင်းစာ' သို့ ပြောင်းရွှေလုပ်ကိုင်သည်။ ထိုတိုက်တွင် ဆရာလွန်းက မြန်မာစာ အယ်ဒီတာ လုပ်ရသည်။ ထိုစဉ်က ဆရာကြီးသည် စာတော်ပြန်အလုပ်ရသော်လည်း ငြင်းပယ်ခဲ့လေသည်။ ရန်ကုန်တိုင်း သတင်းစာလုပ်ငန်းလည်း အခြေအနေ မဟုတ်ဖြစ်လာသောအခါ မော်လမြိုင်သို့ ပြန်လည်ပြောင်းရွှေ့ကာ `မြန်မာတိုင်းသတင်းစာ' အယ်ဒီတာလုပ်သည်။ တစ်ဖက်မှလည်း `ပဏ္ဍိတကလေး'၊ `မောင်သမာဓိ' ကလောင်ခွဲများဖြင့် ဆောင်းပါးများ ရေးသည်။ ထိုအချိန်အထိ ဆရာကြီး၏ ကလောင်သည် နိုင်ငံရေးဘက်သို့ မျက်နှာမမူသေးချေ။

မြန်မာတိုင်းသတင်းစာ အယ်ဒီတာအဖြစ် ဆောင်ရွက်နေရင်းမှ ၁၈၇၅ ခုနှစ် `မောင်လမြိုင် ရာဇဝင်' ဝတ္ထုကို ရွှေတောင်မောင်လွမ်း အမည်ဖြင့် ရေးသားထုတ်ဝေခဲ့လေသည်။ ၁၈၇၆ ခုနှစ်တွင် `ကဗျာသာရမဥ္ဇူကျမ်း' နှင့်

`ပရမတ္တာသံခိပ်အဖြေကျမ်း' ဒုတိယအတွဲကို ဆရာလွမ်းအမည်ဖြင့် ရေးသားသည်။ ၁၉၁၇ ခုနှစ်တွင် `မော်လမြိုင်နတ်လမ်းညွှန်' ကို ထူးထူးခြားခြား မိန်းမနာမည် `မစောညွန့်' ဟူသော ကလောင်အမည်ဖြင့် ရေးသားခဲ့သည်။ မြန်မာတိုင်း သတင်းစာ ရပ်နားသွားသောအခါ ဟင်္သာတမြို့ အမရဂတီပုံနှိပ်တိုက်သို့ ပြောင်းရွှေ့၍ စာပြု၊ စာပြင်၊ အယ်ဒီတာအဖြစ် ခေတ္တဝင်ရောက် လုပ်ကိုင်သည်။ ထို့နောက် ဇနီး မမာသဖြင့် ရွှေတောင်မြို့သို့ ခေတ္တပြန်နေသည်။

၁၉၁၁ ခုနှစ် ဇူလိုင်လ ၄ ရက်နေ့တွင် ဦးဘဘော၊ ဦးလှဖေ၊ ဦးဘကလေးတို့ သူရိယသတင်းစာကို စတင်တည်ထောင် ထုတ်ဝေကြရာ ဆရာကြီးကို ခေါ်ယူသဖြင့် ဝင်ရောက်လုပ်ကိုင်လေသည်။ ဆရာကြီးသည် သူရိယသတင်းစာတိုက်တွင် ၁၉၂၁ ခုနှစ်လောက်အထိ မြန်မာစာဘက်ဆိုင်ရာ အယ်ဒီတာအဖြစ်ဖြင့် ဆောင်ရွက်ခဲ့သေးသည်။ ထိုအခါမှစ၍ ဆရာကြီး၏ ကိန်းအောင်းနေခဲ့သော ဇာတိမာန်များ ရှင်သန်ကြီးထွားလာကာ နယ်ချဲ့ဆန့်ကျင်ရေး ဝံသာနုစာပေများ ရေးသားခဲ့လေသည်။ ထိုသို့ ရေးသားနေစဉ် နိုင်ငံရေးလောကသို့ ရောက်မှန်းမသိ ရောက်သွားလေသည်။ ဆရာကြီးသည် သူရိယမဂ္ဂဇင်းတွင် နိုင်ငံရေး၊ စီးပွားရေး၊ ပညာရေး အစရှိသည့် အရေးများနှင့် စပ်လျဉ်း၍ နိုင်ငံရေးရပ်ပြောင် ဆုံးမခန်း၌ လေးချိုးများ ရေးလေသည်။ ဗြိတိသျှ အင်ပါယာအတွင်း `ဟုမ္မရူး' (Home Rule) ခေါ် ကိုယ်ပိုင်အုပ်ချုပ်ရေးရမှု၌ စိတ်ဝင်စားလာ၍ မြန်မာပြည်အတွက် အလွန်ဂမ်းမြောက်ခဲ့လေသည်။ ဗြိတိသျှတို့သည် မြန်မာပြည်အား `ဟုမ္မရူး' ပေးလိမ့်မည်ဟုလည်း ယုံကြည်ခဲ့လေသည်။ ပထမကမ္ဘာစစ်ကြီးအပြီးတွင် ဦးဘဖေ၊ ဦးပု၊ ဦးထွန်းရှိန်တို့ နိုင်ငံကိုယ်စားလှယ်အဖြစ် `ဟုမ္မရူး' ရရေးမှုအတွက် ဘိလပ်သို့ သွားကြသောအခါ ဆရာကြီးသည် ဒေါင်းဋီကာကို ဂမ်းသာအားရ အော်ကပါအတိုင်း ရေးဖွဲ့ခဲ့လေသည်။

``သြော်...ပြေအမှုပေမို့၊ ငွေခရငယ်နှင့် ဇေယျတုပါကွဲ့၊ သပြေနုချိန်တင်ရန် ပန်းတွေကလည်း များလိုက်ပါဘိသနှင့်၊ ဖေ-ပု-ရှိန်

အင်္ဂလန်နန်းမြေသွားတို့မှာဖြင့် အားမြောက်ဖွယ်၊ ကြံလွယ်ဖန်လွယ်နှင့်၊ အန္တရာယ်ရန်စွယ်မောင်းတဲ့ပြင်၊ မြန်နယ်ကို ပြန်လွယ်ကြောင်းဘွေ၊ ဆုတောင်းကာ ပတ္တာနာဆင်တဲ့ပြင်?? ဟူ၍ ရေးသားခဲ့လေသည်။

ထိုအခါက ဆရာကြီး၏ စိတ်တွင် ဇာတိမာန်များလည်း တက်ကြွနေသည်။ ဗြိတိသျှအစိုးရကိုလည်း ကိုးစားလျက်ပင် ရှိသေးသည်။ သို့ရာတွင် ဗြိတိသျှတို့က မြန်မာပြည်အား ဟုမ်ရူး မပေးသေးဘဲ လက်လီစိတ်ကာ ဒိုင်အာခီအုပ်ချုပ်ရေးကို ၁၉၂၃ တွင် အတင်းထိုးပေးလိုက်သောအခါ ဗြိတိသျှအစိုးရကို ဆရာကြီးသည် အကြည်ညိုပျက်ကာ ဇာတိမာန်လည်း ပြင်းထန်လာလေသည်။

ဆရာကြီး၏ စိတ်ထဲ၌ ဇာတိမာန်ပြင်းထန်လာခြင်း၏ အခြားအကြောင်းရင်းတစ်ခုမှာလည်း ၁၉၂၀ ပြည့်နှစ် ဒီဇင်ဘာ ၅ ရက်နေ့က ဖြစ်ပွားခဲ့သော ရန်ကုန်တက္ကသိုလ် ပထမသပိတ်ဖြစ်လေသည်။ ထိုနှစ်တွင် ရန်ကုန်တက္ကသိုလ် ကျောင်းသားများသာမက နယ်ရှိ အထက်တန်း၊ အလယ်တန်းကျောင်းသားများပါ ဗြိတိသျှအစိုးရ ရေးဆွဲသော ယူနီဗာစီတီ အက်ဥပဒေကို တော်လှန်ကာ ကျောင်းသားများက သပိတ်မှောက်ကြလေသည်။ ဆရာကြီးသည် ကျောင်းသားသပိတ်အား ယူနီဗာစီတီဘွိုင်းကောက် လေးချိုးကြီးဖြင့် ထောက်ခံအားပေးရေးသားခဲ့သည်။

ထို့နောက် အမျိုးသားပညာရေးကောင်စီကို ဖွဲ့စည်းကာ ရန်ကုန် ဗဟန်းရပ်တွင် အစိုးရနှင့် စင်ပြိုင် နေရှင်နယ်အခေါ် အမျိုးသားကောလိပ်ကျောင်းကို ဖွင့်လှစ်ခဲ့သည်။ အနယ်နယ်တွင်လည်း စင်ပြိုင်အမျိုးသားကျောင်းများကို ဖွင့်လှစ်ခဲ့လေသည်။ ကျောင်းသားများ စိတ်ဓာတ် တက်ကြွသည်ကို မြင်ရသောအခါ ဆရာကြီးသည် မြန်မာပြည်၏ နောင်ရေးအတွက် အားတက်၍ လူငယ်များ၏ သတ္တိဗျတ္တိကို ယုံကြည်ကိုးစားလာလေသည်။

ထိုအခါ ဗြိတိသျှအစိုးရ၏ ကျောင်းများ၌ မင်းတိုင်းကြေသာ

သင်ကြားပေးသော မြန်မာစာပေနှင့် မြန်မာရာဇဝင်တို့ကို နေရှင်နယ်ကောလိပ်နှင့် နေရှင်နယ်ကျောင်းများတွင် ထိထိရောက်ရောက် သင်ပြစပြုလေသည်။ ၁၉၂၁ ခုနှစ်တွင် နေရှင်နယ်ကောလိပ်ကျောင်း၌ မြန်မာစာပေနှင့် မြန်မာရာဇဝင်ကို ပို့ချပေးရန် ဆရာကြီးအား တောင်းပန်ခေါ်ပင့်သောအခါ ဆရာကြီးသည် လစာပုံမှန်ရနေသော သူရိယမှ အလုပ်ထွက်၍ ငွေကြေးအားဖြင့် မရေရာသော အမျိုးသားကောလိပ်ဆရာဘဝသို့ လုပ်ကိုင်ရန် ကျောင်းသားများနောက်သို့ ကောက်ကောက်ပါ လိုက်သွားလေသည်။ ဤသည်ကား ဆရာကြီး၏ အနစ်နာခံ ကိုယ်ကျိုးစွန့်မှုပင် ဖြစ်သည်။

ထိုအချိန်တွင် ဆရာကြီးရေးသားခဲ့သော ကေသာသီရိနန်းတွင်း ဇာတ်တော်ကြီး၊ ဓမ္မစေတီမင်း ဝတ္ထု၊ ဒေါင်းဋီကာတို့သည် တစ်နိုင်ငံလုံး ပွဲတင်ထပ်လာသည်။ ဆရာကြီး၏ အမည်သည်လည်း အကျော်ဇေယျဖြစ်လာလေသည်။

ဤတွင် နယ်ချဲ့အစိုးရက ဆရာကြီးအား ရန်ကုန်တက္ကသိုလ်တွင် မြန်မာစာနည်းပြရာထူးကို ပေးအပ်ရန် ကမ်းလှမ်းခဲ့သည်။ ဆရာကြီးက ခေတ်ပျက်တွင် လူရာမဝင်ချင်သဖြင့် နယ်ချဲ့၏ အစေအပါးအလုပ်ကို မလုပ်လိုဟုပြောကာ ငြင်းပယ်ခဲ့သည်။ အဂ္ဂမဟာပဏ္ဍိတဘွဲ့မှာ ထိုခေတ်က အလွန်ရနိုင်ခဲသော ဘွဲ့ဖြစ်သည်။ သို့သော် ဆရာကြီးသည် နယ်ချဲ့ပေးသောဘွဲ့ကို လက်မခံခဲ့ပေ။ `ပကာသနာတွေ ဆရာမလိုချင်ပါဘူး၊ ကိုယ့်အရှင်ကိုယ့်ဘုရင် မဟုတ်ဘဲ နိုင်ငံခြားသားတွေ မြှောက်စားခြင်း၊ အသိအမှတ်ပြုခြင်း၊ ဂုဏ်ပြုခြင်းကို ဂုဏ်အစစ်လို့ သဘောမပိုက်ဘူး၊ ဆရာ ဒီလိုဂုဏ်မျိုး မလိုချင်ပါဘူးကွယ်' ဟု ဖြေဆိုကာ ငြင်းဆန်ခဲ့ကြောင့် ဆရာသိန်းဖေမြင့်က သူ၏ `ဆရာလွန်း အတ္ထုပ္ပတ္တိ' ၌ ရေးသားထားလေသည်။

ထို့ပြင် ၁၉၂၂ ခုနှစ် ဇန်နဝါရီလ ၂ ရက်နေ့မှ ၁၀ ရက်နေ့အထိ ဗြိတိသျှအိမ်ရှေ့စံ ဝေလမင်းသား (နောင် နန်းစွန့်ဘုရင် အဋ္ဌမမြောက်

ဘက်ဒဝပ်ဘုရင်ဖြစ်လာသူ) မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်ရာ မြန်မာအစိုးရအရာရှိ ဦးမေအောင်က ဝေလမင်းသားအား ချီးကျူးဂုဏ်ပြုသည့်ရတု ရေးပေးပါက ဥာဏ်ပူဇော် ၁၀၀၀ ကျပ် ပေးမည့်အကြောင်း ပြောကြားရာ `မြန်မာနိုင်ငံကို ကျွန်ပြုသည့် အင်္ဂလိပ်ဘုရင်မ၏ မြေးကို ချီးကျူးသည့်စား မရေးလို' ဟုပြောကာ ငြင်းပယ်ခဲ့လေသည်။

၁၉၂၂ တွင် ပရော်ဖက်ဆာ ဆရာလွန်းအမည်ဖြင့် ရေးသားသော `မှန်နန်းရာဇဝင်တော်ချုပ်' နှင့် `မှန်နန်းရာဇဝင်တော်သစ်' ကို ရေးသားထုတ်ဝေလေသည်။

ဆရာကြီး သခင်ကိုယ်တော်မှိုင်းသည် တပည့်ရင်း ဒီးဒုတ်ဦးဘချို နှင့်အတူ ဗဟန်းအမျိုးသားကောလိပ်ပျက်သည့် ၁၉၂၂ ခုနှစ်အထိ ဆင်းရဲချို့တဲ့စွာ ထမ်းရွက်ခဲ့လေသည်။ ထို့နောက် ဗဟန်းကောလိပ်ပျက်သောအခါ ဒဂုံမဂ္ဂဇင်း ဓူဝံမဂ္ဂဇင်းတို့တွင် အယ်ဒီတာအဖြစ် ဆောင်ရွက်သည်။ ဒိုင်အာခီအုပ်ချုပ်ရေးခေတ် (၁၉၂၃-၃၇) တွင် ပြည်သူအများစု၏ ဆန္ဒနှင့် ဆန့်ကျင်သော တပည့်မိတ်ဆွေရင်း ဦးဘဘေ ဦးဆောင်သည့် ၂၁ ဦး ပါတီဝင်များကို ရည်ရွယ်ကာ `ခွေးဋီကာ' ဆောင်းပါးများကို ရေးသားခဲ့သည်။

ဆရာကြီး အသက် ၅၉ နှစ်အရွယ် ၁၉၃၄ ခုနှစ်တွင် ရေနံချောင်း၌ ကျင်းပသော ပထမဆုံး တို့ဗမာအစည်းအရုံး ညီလာခံသဘင်ကြီး ပေါ်ပေါက်လာသည်။ ထိုညီလာခံကြီးတွင် ရှေ့တန်းမှ မားမားမတ်မတ် ရပ်ကာ ကိုယ်ထိလက်ရောက် ပါဝင်ပါတော့သည်။ ထိုညီလာခံကြီးမှာပင် ဆရာကြီးသည် သခင်ကိုယ်တော်မှိုင်းဘွဲ့အမည်ခံကာ မြန်မာပြည်တစ်ဂှမ်း နိုင်ငံရေးတရား ဟောခဲ့သည်။ ယင်းသို့ လုပ်ဆောင်မှုကြောင့် နယ်ချဲ့အစိုးရ ဆရာကြီးအား ရန်သူတော်နံပါတ်တစ်အဖြစ် သတ်မှတ်ခဲ့သည်။ နယ်ချဲ့အစိုးရ၏ ရန်သူတော်စာရင်းအရ နံပါတ်တစ်မှာ သခင်ဗဟိန်း၊ လေးမှာ သခင်ကျော်စိန်၊ ငါးမှာ ဗိုလ်ချုပ်အောင်ဆန်း၊ ကိုးမှာ သခင်စိုး၊ ၁၂ မှာ သခင်သန်းထွန်း၊ ၁၇ မှာ

သခင်နုဖြစ်သည်။

ဆရာကြီးသည် ယင်းသို့ စာပေရေးသားပြုစုရင်း တစ်ဖက်မှ နိုင်ငံရေးကို ဝင်ရောက်ဆောင်ရွက်ခဲ့သည်မှာ ဒုတိယကမ္ဘာစစ်အထိ ဖြစ်သည်။ ၁၉၄၁ ခုနှစ် ဂျပန်တို့က ဗြိတိသျှကို စစ်ကြေညာသောအခါ ဆရာကြီးသည် အညာသားအဘိုးအို လူမမာဟန်ဆောင်၍ ထွက်ပြေးတိမ်းရှောင်ခဲ့ရသည်။ ထိုစဉ်က ဆရာကြီးအသက်မှာ ၆၆ နှစ်ရှိပြီ ဖြစ်သည်။ ဂျပန်ခေတ်တွင် ဆရာကြီးသည် တို့ဗမာအစည်းအရုံးခေါင်းဆောင်အဖြစ် ပါဝင်ဆောင်ရွက်ခဲ့ပြန်သည်။ ၁၉၄၅ ခုနှစ် မတ်လတွင် ဖက်ဆစ်ဂျပန်တော်လှန်ရေး ဖြစ်ပွားလာသောအခါ ဆရာကြီးအား ဂျပန်တို့က ဖမ်းဆီးမည်ပြုရာ အင်းစိန်မြို့ တစ်ဖက်ကမ်း ထိန်ကုန်းရွာသို့ သွားရောက်တိမ်းရှောင်ခဲ့ရသည်။

လွတ်လပ်ရေးရခါနီး ၁၉၄၇ ခုနှစ် ဇူလိုင် ၁၉ ရက်နေ့တွင် ဂဠုန်ဦးစော၏ နောက်လိုက် လူသတ်သမားတို့၏ လက်ချက်ဖြင့် ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ ဖဆပလအဖွဲ့ချုပ် ခေါင်းဆောင်ကြီးများ ရေတိမ်နစ်ခဲ့ရာ ဆရာကြီးသည် ဂမ်းနည်းကြေကွဲစွာ `အာဇာနည်ဗိမာန်ဋီကာ' ကိုရေး၍ အောက်ပါအတိုင်း မှတ်တမ်းတင်ခဲ့သည်။

``သြော်... အဆောင်ဆောင်နန်းတွေ ကြငှာန်းတွေနှင့်နှော၊

အခေါင်မပြန်ခင်၊

အောင်စာတမ်းချို့စေဘို့၊

အောင်ပန်းညှိုးရရှာတဲ့၊

တောင်သမန်း တို့ဗမာမှာ အဟောင်းသံသရာ အငုတ်တွေနှင့်

အောင်ဆန်း မသာမယာဟာ

ရင်းကံကြမ္မာအလုပ်ပေထင့်၊

သောင်းမြန်မရဏာ စမုတ်မှာတော့၊

ချုပ်သနဲ့ယင်းအလိုတွင်

ဒေါင်းလံပဝါအုပ်ပါလို့ ကျုပ်ဖြင့် သဂြုဟ်ချင်။

အာဇာနည်ဗိမာန် ပုထိုးကိုဖြင့်၊

ပါရမီအခ်ဌာန် တစ်မျိုးရယ်နှင့်၊

ရှိခိုးကာ ဆရာကန်တော့ချင်ရဲ့၊

မြန်မာမတော့ ပူစရာဘို့၊

တဖျူှဟာ အောင်ခမန်းတွင်မှ၊

လူမသမာအမှောင်သန်းချိန်မို့၊

သောင်ကမ်းမို့မို့ဆီက

ဖောင်နန်းကူးတို့နှင့် အကြေဒဂုန်တည်းဟူသော

ရေစုန်မျှောလေရဲ့၊

ဩော်... တောင်နန်းမြောက်နန်း

အဆောင်ဆောင် ကြငှာန်းနဲ့၊

အခေါင်မမြန်းရခင်က အောင်ပန်းညှိုးရရှာတဲ့

အောင်ဆန်တို့ သေပုံနှမြော။

နောက်ပိုင်းတွင် ဆရာကြီးသည် အသက်အရွယ် အိုမင်းမစွမ်းဖြစ်လာ၍ လားမသိ၊ စာပေရေးသားမှု၊ ကဗျာဖွဲ့မှုများ နည်းပါးလာခဲ့သည်။ ၁၉၅၇ ပြည့်နှစ် ဩဂုတ်လတွင် ရေးသားထုတ်ဝေသော `အိပ်မက်ဒိဋ္ဌ်ဋ္ဌီကာ' သည် ဆရာကြီး၏ နောက်ဆုံးစာအုပ်ပင် ဖြစ်သည်။ သို့သော် ပြည်တွင်းငြိမ်းချမ်းရေးအတွက်

လည်းကောင်း၊ ကမ္ဘာငြိမ်းချမ်းရေးအတွက် လည်းကောင်း အသက်အရွယ်နှင့်မမျှ အပင်ပန်းခံကာ ဆောင်ရွက်ခဲ့သည်။

၁၉၅၀ ပြည့်နှစ် ဇန်နဝါရီ ၄ ရက် လွတ်လပ်ရေးနေ့ နှစ်ပတ်လည်နေ့တွင် ဆရာကြီးအား နိုင်ငံတော်အစိုးရက အလင်္ကာကျော်စွာဘွဲ့ ချီးမြှင့်ခဲ့သည်။

၁၉၅၂ ခု မေလ ၁၀ မှ ၁၄ ရက်အထိ ဂျူဗလီဟော၌ ကျင်းပခဲ့သော ကမ္ဘာ့ငြိမ်းချမ်းရေ ကွန်ဂရက် (မြန်မာနိုင်ငံ)က ဆရာကြီးအား ကွန်ဂရက်ဥက္ကဋ္ဌအဖြစ် တင်မြှောက်ခဲ့သည်။ ၁၉၅၃ ခုနှစ်တွင် တရုတ်၊ မွန်ဂိုလီးယား၊ ဟန်ဂေရီ၊ ဆိုဗီယက်ယူနီယမ် နိုင်ငံများသို့ ခရီးလှည့်လည်ခဲ့သည်။

၁၉၅၅ မတ်လ ၂၂ တွင် မြို့တော်ခန်းမရှေ့တွင် ကျင်းပခဲ့သော စတာလင်ငြိမ်းချမ်းရေး ဆုပေးပွဲသဘင်တွင် အပြည်ပြည်ဆိုင်ရာ စတာလင်ငြိမ်းချမ်းရေး ကော်မတီဥက္ကဋ္ဌ နီကိုလေတီခိုနော့ဗ်က ဆရကြီးအား ငြိမ်းချမ်းရေး ဂုဏ်ပြုလက်မှတ်နှင့် ရွှေတံဆိပ်ဆုကို ချီးမြှင့်အပ်နှင်းခဲ့သည်။ ငြိမ်းချမ်းရေးဆုအတွက် ရုရှားရူဘယ်လ်ငွေတစ်သိန်း (မြန်မာငွေ တစ်သိန်းလေးသောင်းငါးထောင်ခန့်) လက်ခံရရှိသည်။ ယင်းငွေတို့အနက် ရှစ်သောင်းကျော်ကို အဖွဲ့အစည်း အသီးသီးသို့ ပြန်လည်လှူဒါန်းခဲ့သည်။

ဆရာကြီးအား ၁၉၆၀၊ ဩဂုတ် ၁၀ တွင် အရှေ့ဂျာမနီနိုင်ငံ ဟမ်းဘို့တ် (Hunboldt) တက္ကသိုလ်က ဂုဏ်ထူးဆောင် ပညာရေးပါရဂူဘွဲ့ (Ph.D) အပ်နှင်းခဲ့သည်။

မြန်မာနိုင်ငံတွင် စာပေပညာရှင်ကြီး ဟူ၍ လည်းကောင်း၊ ကဗျာဆရာကြီး ဟူ၍ လည်းကောင်း ရာဇဝင် (သမိုင်း) ပညာရှင်ကြီးဟူ၍ လည်းကောင်း၊ နယ်ချဲ့ဆန့်ကျင်ရေးနှင့် လွတ်လပ်ရေးတိုက်ပွဲဝင် မျိုးချစ်စာရေးဆရာကြီး ဟူ၍ လည်းကောင်း၊ ငြိမ်းချမ်းရေဗိသုကာကြီး ဟူ၍

လည်းကောင်း ထင်ရှားကျော်ဇောခဲ့၏ ။ ဆရာကြီး သခင်ကိုယ်တော်မှိုင်းသည် အသက် ၈၉ နှစ်အရွယ် ၁၉၆၄ ခု၊ ဇူလိုင် ၂၃ ရက်၊ ကြာသပတေးနေ့ နံနက် ၁ နာရီခွဲတွင် လူကြီးရောဂါဖြင့် ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် အမှတ် ၅ ချမ်းသာလမ်း နေအိမ်၌ ကွယ်လွန်သွားခဲ့လေသည်။



ထို့နောက် ဩဂုတ်လ ၈ ရက်နေ့လယ်တွင် ဆရာကြီး ကြွင်းကျန်သော ရုပ်ကလာပ်ကို စမ်းချောင်းမဏ္ဍပ်မှ ရွှေတိဂုံဘုရားလမ်း၊ ကန်တော်မင်္ဂလာပန်းခြံသို့ ပို့ဆောင်ကာ ဂူသွင်းသဂြိုဟ်ခဲ့သည်။

ကွယ်လွန်ချိန်၌ သားသမီး ၄ ယောက်၊ မြေး ၁၅ ယောက်၊ မြစ် ဖ၁ ယောက် ကျန်ရစ်ခဲ့သည်။

*

# သခင်ဘသောင်း



ဆရာကြီး သခင်ဘသောင်းသည် မြန်မာ့လွတ်လပ်ရေး ကြိုးပမ်းမှုသမိုင်းတွင် မှန်ကန်စွာ ဦးဆောင်မှုပေးနိုင်ခဲ့သည့် `တို့ဗမာအစည်းအရုံး´ ၏ ဖခင်ကြီး ဖြစ်သည်။ သခင်ဘွဲ့ကို စတင်ခံယူခဲ့သောကြောင့် `သခင်အစ ဘသောင်းက´ ဟု ပြောစမှတ် ပြုခဲ့ကြသည်။

ဆရာကြီးသည် နိုင်ငံရေး၌ မီးရှူးတန်ဆောင်ဖြစ်သလို စာပေရေးရာ၌လည်း စံပြုရမည့် စာပေပညာရှင်တစ်ဦး ဖြစ်သည်။ ဆရာကြီးသည် ၁၉၂၅ ခု ဖေဖော်ဝါရီလတွင် စတင်ထုတ်ဝေခဲ့သော ဂန္ထလောကမဂ္ဂဇင်း (The World of Books) ၏ ဘာသာပြန်ပြိုင်ပွဲအမှတ် (၁)မှစတင်၍ အမည်ရင်း ဘီတီ (B.T) (ဘသောင်း) ဖြင့် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ၁၉၂၇ ခု၊ ဧပြီလထုတ် ဂန္ထလောကမဂ္ဂဇင်း ဘာသာပြန်ပြိုင်ပွဲအမှတ် (၃-၁) မှ ၁၉၂၇ ခုနှစ်၊ ဇူလိုင်လထုတ် ဂန္ထလောကမဂ္ဂဇင်း

ဘာသာပြန် ပြိုင်ပွဲအမှတ် (၆-ခ) အထိ ငါးကြိမ်တိုင်တိုင် ပထမဆု ရခဲ့သည်။ ထို့ကြောင့် သူ့အား မဂ္ဂဇင်းအယ်ဒီတာအဖွဲ့က ဝင်ရောက်ယှဉ်ပြိုင်ခွင့် မပေးတော့ချေ။ သို့သော် ဂန္ထလောကမဂ္ဂဇင်း တည်းဖြတ်ထုတ်ဝေသူများက ဘာသာပြန် ထူးချွန်ဆုဆရာကြီးအား ဂန္ထလောက မဂ္ဂဇင်း မြန်မာပိုင်းအယ်ဒီတာအဖြစ် ၁၉၂၈ ခုနှစ် ဩဂုတ်လမှစတင်၍ ခန့်အပ်လိုက်သည်။ ဆရာကြီးကို ဂန္ထလောကမဂ္ဂဇင်း မြန်မာပိုင်းအယ်ဒီတာအဖြစ် ခန့်အပ်ခဲ့ခြင်းနှင့် ပတ်သက်၍ မဂ္ဂဇင်းတည်းဖြတ်ထုတ်ဝေသူ အိုင်တီအက်စ်(ခေါ်) အိန္ဒိယပြည်သူ့ဝန်ထမ်း၊ အုပ်ချုပ်ရေးဝန်ထမ်း၊ ကြေးတိုင်းမင်းကြီးဟောင်း ဂျေ၊ အက်စ်ဖာနီဗယ် (J.S Furnival 1878-1960)u -

``ထိုဘာသာပြန်ပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်သူ တစ်ယောက်သည် အခြားဝင်ရောက်ယှဉ်ပြိုင်သူများ မပါသည့်အလား သူချည်းလေးခါ ငါးပါ ဆက်ကာဆက်ကာ ဆုကိုယူတော့သည်။ ကျွန်ုပ်တို့သည် လူတစ်ယောက်တည်းကိုချည်း တစ်လပြီးတစ်လ ဆက်ကာ ဆုပေးနေမည်ဆိုလျှင် ကျွန်ုပ်တို့ ပြိုင်ပွဲမှာ ရယ်စရာဖြစ်နေဖို့ ရှိတော့သည်။ ထိုအခိုက်တွင် ကျွန်ုပ်တို့မှာ ဂန္ထလောကမဂ္ဂဇင်း မြန်မာပိုင်းအတွက် တည်းဖြတ်သူလိုနေသဖြင့် ထိုသူကိုပင် တည်းဖြတ်သူ ခန့်ရမလို ဖြစ်နေသည်။ သူ့ကို တွေ့ရဖို့အတွက် မလွယ်လှ။ သူက ရှက်တတ်သည်။ သို့ရာတွင် တစ်နေ့သော နံနက်ခင်းမှာ အသိဉာဏ်ထူးချွန်၍ စိတ်ဓာတ်ကြံ့ခိုင်သော လူငယ်တစ်ယောက်သည် ကျွန်ုပ်တို့၏ အလုပ်ခန်းသို့ ပေါက်လာပြီးလျှင် ဘာသာပြန်ပြိုင်ပွဲ၌ ဆုရသော မောင်ဘသောင်းမှာ သူပဲဖြစ်ပါသည်ဟု ပြောလသည်။ ကျွန်ုပ်က အတော်လေး နားချသဖြင့် သူ၏ လွတ်လပ်ခြင်းကို စွန့်လွှတ်ပြီးလျှင် ဂန္ထလောကမဂ္ဂဇင်း၌ ဝင်၍ အလုပ်လုပ်ပါသည်။ ဂန္ထလောကမဂ္ဂဇင်း မြန်မာပိုင်းလည်း မောင်ဘသောင်း၏ စိတ်အင်အားထက်သန်မှုကြောင့် အတော်ကလေး ကျော်ကြားလာပြီးလျှင် မြန်မာလူငယ် စာရေးဆရာကလေးများအနက် နောင်အဖို့တွင်

မြန်မာစာပေလောကဉ် ကျော်ကြားလာသူ မနည်း'' ဟု မှတ်တမ်းတင်ခဲ့ပါသည်။

ဆရာကြီး သခင်ဘသောင်းသည် `ဂန္တလောကမဂ္ဂဇင်း' မြန်မာပိုင်းအယ်ဒီတာအဖြစ် ၁၉၂၈ ခု ဩဂုတ်လမှ ၁၉၃၁ ခု ဇူလိုင်လအထိ တာဝန်ထမ်းဆောင်ခဲ့သည်။ ဆရာကြီးသည် ဂန္တလောက မြန်မာပိုင်းခေါင်းကြီးနှင့်တကွ၊ လစဉ်ဂရိပုံပြင်ဘာသာပြန်၊ ပုံပြောမယ်၊ ဝိဇ္ဇာလမ်းညွှန်နှင့် စာအုပ်ဝေဖန်ရေးကဏ္ဍများကို ကလောင်အမည်မခံဘဲ ရေးသားခဲ့သည်။ သူသည် အင်္ဂလိပ်-မြန်မာ နှစ်ဘာသာ စွယ်စုံထူးချွန်သူဖြစ်၍ ဂန္တလောကမဂ္ဂဇင်း အင်္ဂလိပ်ပိုင်းခေါင်းကြီးတစ်ချို့ကိုပင် ရေးသားခဲ့သည်။

ဆရာကြီး သခင်ဘသောင်းသည် ဂန္တလောကမဂ္ဂဇင်း မြန်မာပိုင်း အယ်ဒီတာအဖြစ် ဆောင်ရွက်နေစဉ် ပြင်သစ်ပြဇာတ် ဆရာမောလယဲ (Moliere) ၏ `ဆရာဝန်ပါပဲ' ပြဇာတ် (Le Medecin Malgre Lui) ကို မြန်မာပြန်ဆိုခဲ့သည်။ မြန်မာစာပေတွင် ပထမဆုံးသော ခေတ်သစ်ပြဇာတ်ဖြစ်၍ မြန်မာပြည် စာအုပ်ကလပ်မှ ၁၉၂၈ ခုနှစ်တွင် ပုံနှိပ်ထုတ်ဝေခဲ့သည်။ ထို့နောက် `ကမ္ဘာ့ရာဇဝင်ချုပ်' (The Outline of General History) ကိုမြန်မာပြန်သည့်အတွက် ၁၉၂၉-၃၀ တွင် ဝေလမင်းသား ဘာသာပြန်ဆု ငွေတစ်ထောင်ကျပ် ချီးမြှင့်ခံရသည်။

ဆရာကြီး၏ စာမှာ ရှင်းလင်းရုံမက ပြတ်သားလှသည်။ စကားလုံးများက တောက်ပြောင်ရုံမက လေးနက်လှသည်။ ဝါကျများမှာ တိုရုံမက ထိမိသည်။ ဆရာကြီး၏ စကားပြေ အရေးအသားသည် ထိုခေတ်ထိုအခါက အများတကာ ရေးသားလေ့ရှိကြသည့် စကားပြေနှင့်မတူ။ သစ်လွင်သော စကားပြေဖြစ်၏ ။ ထို့ပြင် သူ မတူအောင် ထက်မြက်၏ ။ ဘာသာပြန်လက်ရာများမှာလည်း မြန်မာဆန်၍ ညက်ညက်ညောညောရှိသည်။ ထို့နောက် ဆရာကြီးသည် ရန်ကုန်တက္ကသိုလ် အရှေ့တိုင်းဌာန ဘာသာပြန်နည်းပြအဖြစ် ခန့်အပ်ခြင်း ခံရသည်။ ရန်ကုန်တက္ကသိုလ် ဘာသာပြန်နည်းပြအဖြစ် ဆောင်ရွက်စဉ် တပည့်များကို ပညာသင်ပေးရင်း

အမျိုးသားရေးကိုလည်း ဝါဒဖြန့်သည်။ တက္ကသိုလ်တွင် အမျိုးသားရေးဝါဒဖြန့်သော အလုပ်ကို မလုပ်ရဟု ပိတ်လိုက်သောအခါ ဆရာကြီးသည် အလုပ်မှ ထွက်လိုက်ရသည်။ ထိုစဉ်က တက္ကသိုလ်ကျောင်းအုပ်ကြီး မစ္စတာဒီဂျေစလော့ (Mr. D.J Sloss) က ``မိမိစိတ်က မှန်သည်ဟု ယုံကြည်သော အယူဝါဒကို မစွန့်ဘဲ မိမိအသက်မွေးမှုအလုပ်ကို စွန့်သောသူမှာ မောင်ဘသောင်းတစ်ယောက်ပဲ ရှိသည်'' ဟု ချီးကျူးခဲ့သည်။

ထို့နောက် ဆရာကြီးသည် တို့ဗမာအစည်းအရုံးကို ၁၉၃၀ ပြည့်နှစ် မေလ ၃၀ တွင် ဆန္ဒတူလူငယ်တစ်စုနှင့် ပူးပေါင်း၍ ဖွဲ့စည်းတည်ထောင်ခဲ့သည်။ အစည်းအရုံး တည်နေရာကို ရန်ကုန်မြို့၊ ဗဟန်းမြို့နယ် ရေတာ ရှည်လမ်း၊ ခြံအမှတ် ၃၃ (ယခု ၁၃၃) ၌ ဖွင့်လှစ်ထားသည်။ အမှန်စင်စစ် ထိုနေရာသည် ဆရာကြီး သခင်ဘသောင်းနှင့် ဇနီး ဒေါ်ကြည်တို့၏ နေထိုင်သောအိမ် ဖြစ်သည်။ တို့ဗမာအစည်းအရုံးအဖွဲ့ဝင်တိုင်း မိမိတို့၏ အမည်များရှေ့တွင် မောင်၊ ကို၊ ဦး အစား `သခင်' တပ်၍ မှည့်ခေါ်ရသောကြောင့် သခင်ဘသောင်းဟူ၍ မြန်မာ့နိုင်ငံရေးသမိုင်းစဉ်တွင် ထင်ရှားလာခဲ့သည်။ ဆရာကြီးသည် သခင်အမည်ကို ပထမဦးဆုံး ခံယူခဲ့သူ ဖြစ်သည်။

၁၉၃၀ ပြည့်နှစ် မေလ ၃၀ ရက်နေ့တွင် မြန်မာနိုင်ငံလူထုသို့ မျိုးချစ်လှုံ့ဆော်ရေးစာတစ်စောင်ကို ဆရာကြီးသခင်ဘသောင်းက တာဝန်ခံထုတ်ဝေသည်။ စာတမ်းကို ရေးသားသူမှာလည်း ဆရာကြီးပင် ဖြစ်သည်။ ထိုစာတမ်းမှာ မြန်မာသာမက ကမ္ဘာကိုပါ လွှမ်းခဲ့လေသည်။ ထိုစာတမ်းမှာ အောက်ပါအတိုင်း

တို့ဗမာစာတမ်း

ဗမာပြည်သည် တို့ပြည်

ဗမာစာသည် တို့စာ

ဗမာစကားသည် တို့စကား

ဗမာပြည်ကို ချစ်ပါ

ဗမာစာကို ချီးမြှင့်ပါ။

ဗမာစကားကို လေးစားပါ။

ထိုစာတမ်းကို ဆရာဇော်ဂျီက ဤသို့ ဝေဖန်အကဲဖြတ်သည်။

``သခင်ဘသောင်း၏ တို့ဗမာ နိုးကြားရေးစာတမ်းရှစ်ခု ထည့်ထားသည်။ ထိုစာတမ်းတွင် စာတမ်းရေးသူ၏ နိုင်ငံရေးစိတ်ဓာတ်နှင့် နိုင်ငံရေးခံစားချက်တို့ ပါသည်။ တွေးရိုးတွေးစဉ် မဟုတ်သော အတွေးတို့ ပါသည်။ အရေးအသား ရှင်းလင်း၍ ရေးဟန်တွင် တက်ကြွသောလေသံ၊ ဖျတ်လတ်သော လေသံတို့ ပါသည်။ ထိုစကားပြေတို့သည် လွတ်လပ်ရေးအတွက် လှုံ့ဆော်နိုင်စွမ်း ရှိသည်ဟု ဆိုချင်ပါသည်။''

ဆရာကြီး သခင်ဘသောင်းနှင့်အတူ တို့ဗမာအစည်းအရုံးကို တည်ထောက်ခဲ့သော မျိုးချစ်လူငယ်တစ်စုမှာ သခင်လှဘော်၊ သခင်သိန်းမောင်၊ သခင်တင် (ဝိုင်အမ်ဘီ)၊ သခင်အုန်းဖေ၊ သခင်သာဒိုး၊ သခင်တင်စိန်၊ သခင်မောင်မောင်တိုး၊ သခင်ဘရီ၊ သခင်ကျော်ထွန်းစိန်၊ သခင်ဘိုးနီတို့ဖြစ်သည်။

ဆရာကြီး သခင်ဘသောင်းက ရန်ပုံငွေပြည့်စုံအောင် ရှာဖွေစုဆောင်းပြီးမှ စည်းရုံးရေးကို လုပ်ကိုင်လိုသည်။

သခင်သိန်းမောင်က ရန်ပုံငွေသည် စည်းရုံးရေးလုပ်ငန်းအပေါ်တွင် တည်နေ၏ ။ မိမိတို့ အဆင်းရဲအပင်ပန်းခံကာ စွန့်စွန့်စားစားနှင့် မှန်ကန်သော ဝါဒ၊ ရည်ရွယ်ချက်အရ စည်းရုံးနိုင်လျှင် ငွေကြေးအကူအညီ အများအပြား ရလာမည်ဖြစ်ကြောင်း၊ လောလောဆယ် ဝါဒဖြန့်ရင်း စည်းရုံးရေး အပူတပြင်းလုပ်ရန အရေးကြီးကြောင်း၊ ဤသို့ ဆက်လက်မစည်းရုံးနိုင်ပါက

တို့ဗမာအစည်းအရုံးအရှိန် လျော့ကျသွားနိုင်စရာရှိကြောင်း၊ ထို့ကြောင့် ရန်ပုံငွေ နောက်ထားပြီး စည်းရုံးရေးကို ဦးစားပေးလုပ်ရမည်ဖြစ်ကြောင်း ပြောကြားသည်။

ဤသို့ဖြင့် နိုင်ငံရေးအဖွဲ့အစည်းတစ်ရပ်တွင် အဓိကပြဿနာဖြစ်သည့် ဝါဒသဘောတရားအရ မဟုတ်ဘဲ သာမညပြဿနာဖြစ်သည့် စည်းရုံးရေး၊ ရန်ပုံငွေရှာဖွေရေး ပြဿနာအပေါ် သဘောကွဲလွဲရာမှ အစပြုပြီး ဆရာကြီး သခင်ဘသောင်းသည် တို့ဗမာအစည်းအရုံး၏ လုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ခြင်း မပြုတော့ဘဲ အေးအေးဆေးဆေးပင် ရပ်နားလိုက်တော့သည်။

ထိုအချိန်မှစ၍ တို့ဗမာအစည်းအရုံးကို အမှတ် ၃၃၊ ရေတာ ရှည်လမ်း၊ ဗဟန်းရပ်မှ ရန်ကုန်မြို့ ကြည့်မြင်တိုင်၊ လင်းကွန်းကွက်သစ် နိဗ္ဗာန်လမ်းရှိ သခင်ဟန်၊ သခင်မ မစောစောတို့အိမ်သို့ ပြောင်းရွှေ့ဖွင့်လှစ်ကာ စည်းရုံးရေးလုပ်ငန်းများ ဆက်လက် လုပ်ဆောင်ခဲ့ကြသည်။

ဤသို့ တို့ဗမာအစည်းအရုံးကို တည်ထောင်ခဲ့သော သခင်ဘသောင်းကို ၁၉၀၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၇ ရက်နေ့ ကြာသပတေးနေ့နှင့် နတ်မောက်မြို့၊ ငွေးချိုဒိုင်ဖုန်းကုန်းရွာ၌ အဖ ဦးမြင့်၊ အမိ ဒေါ်လေးခင်တို့မှ ဖွားမြင်ခဲ့သည်။ ဖခင်မှာ သီပေါမင်းလက်ထက် နန်းတွင်းလက်ဖက်ရည်တော်၊ တောင်တွင်းကြီးစစ်ကဲ၊ အင်္ဂလိပ်လက်ထက်တွင် မြို့သစ်၊ ပန်းထိန်း၊ ငဖဲ၊ တောင်တွင်း(သရက်) လယ်ဝေးတို့တွင် မြို့အုပ်အဖြစ် အမှုထမ်းခဲ့သည်။ ဆရာကြီးသခင်ဘသောင်းသည် မွေးချင်းလေးယောက်အနက် ဒုတိယမြောက် ဖြစ်သည်။

ငယ်စဉ်က တောင်တွင်းကြီးမြို့ ဗိမာန်ကျောင်း၊ မြို့သစ်မြို့ ဆရာဦးစိုးမင်း၏ မူလတန်းကျောင်း၊ တောင်တွင်းကြီးမြို့ အစိုးရအလယ်တန်းကျောင်း၊ မန္တလေးမြို့ ဗုဒ္ဓသာသနာ့နုဂ္ဂဟ အထက်တန်းကျောင်းများ၌ ပညာသင်ကြားခဲ့သည်။

အစိုးရစစ် လေးတန်းစာမေးပွဲကို မြို့သစ်မြို့တစ်နယ်လုံး၌ ပထမရခဲ့ရာ မြို့အုပ်ဦးတုတ်ကြီး (နောင် သရဇပေါတီ တည်ထောင်သူ)၏ ရွှေတံဆိပ် ချီးမြှင့်ခံရသည်။ ၇ တန်းတွင် ပညာသင်ဆု (စကောလားရှစ်) ရသည်။ ဖခင်ကွယ်လွန်၍ ကျောင်းအုပ်ဆရာကြီး ဦးထွန်းရှိန် (ဖေ၊ ပု၊ ရှိန်) ၏ အထောက်အပံ့ဖြင့် ပညာဆက်သင်ခဲ့သည်။ ၁၉၂၀ ပြည့်နှစ် ပထမကျောင်းသားသပိတ်တွင် မန္တလေးကျောင်းသားခေါင်းဆောင်အဖြစ် ဆောင်ရွက်သည်။ သပိတ်ကိုယ်စားလှယ်အဖြစ် ရန်ကုန်အစည်းအဝေးသို့ တက်ရောက်ခဲ့သည်။ ၁၀ တန်းစာမေးပွဲကို ရာသက်ပန်သပိတ်မှောက်၍ ဝံသာနုနိုင်ငံရေးလောကထဲသို့ ခြေစုံပစ် ဝင်ရောက်ခဲ့သည်။

မန္တလေး၊ ရွှေဘို၊ ပုသိမ်မြို့များ၌ အမျိုးသားကျောင်းဆရာအဖြစ် ဆောင်ရွက်သည်။ ၁၉၂၁ ခုနှစ် နိုဝင်ဘာလတွင် ဗြိတိသျှအိမ်ရှေ့စံ ဝေလမင်းသား မန္တလေးသို့အလာ ဦးဆောင်ဆန္ဒပြ၍ ထောင်ဒဏ်ချမှတ်ခံရသည်။ ၁၃၀၀ ပြည့် အရေးတော်ပုံတွင်လည်း အစအဆုံး ပါဝင်ခဲ့သည်။ ဆရာကြီးသည် ရန်ကုန် နယူးဘားမား အင်္ဂလိပ် သတင်းစာ လက်ထောက်အယ်ဒီတာ၊ ကင်းဝန်မင်းကြီး ပိဋကတ်တိုက် လက်ထောက်ပိဋကတ်တိုက်မှူး၊ ၁၉၂၈-၃၁ ဂန္ထလောကမဂ္ဂဇင်း မြန်မာပိုင်းအယ်ဒီတာ၊ ၁၉၃၀-၃၁ ရန်ကုန်တက္ကသိုလ် အရှေ့တိုင်းဌာန ဘာသာပြန်နည်းပြဆရာအဖြစ် ဆောင်ရွက်ခဲ့သည်။

တို့ဗမာအစည်းအရုံး တည်ထောင်ပြီးနောက် ရွှေဘို ဒိုင်အာခီကြားဖြတ် ရွေးကောက်ပွဲကို ဝင်ရောက်အရွေးခံရာ ရှုံးနိမ့်ခဲ့သည်။ ရွေးကောက်ပွဲအပြီးတွင် ရွှေဘိုအရေးပိုင်၏ ပုဒ်မ ၁၄၄ ကို ဖီဆန်၍ ထောင်ဒဏ် ၃ လ ကျခဲ့သည်။ ၁၉၃၆ တွင် ငွေတုလုပ်မှုဖြင့် ထောင်ကျခဲ့သည်။ ထောင်မှလွတ်လာပြီးနောက် စာရေးဆရာအဖြစ် အသက်မွေးဝမ်းကျောင်း ပြုခဲ့သည်။ ဂျပန်ခေတ်တွင် သခင်ထွန်းအုပ် ဦးဆောင်သော ဘာသာပြန်ဌာနတွင် ခေတ္တတာဝန် ထမ်းရွက်ခဲ့ဖူးသည်။ ထို့နောက် ဂျာမန်ဟိုမိုပက်သီ (German Homoeopothy) ဆေးဆရာ၊ ရောင်ဒဘူး

စာသောက်ဆိုင်ဖွင့်၍ အသက်မွေးသည်။ စစ်ပြီးနောက် တို့ဗမာအစည်းအရုံး ရန်ကုန်စီရင်စု ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သည်။ ၁၉၅၃ တွင် ကွန်မင်တေတာ အင်္ဂလိပ်သတင်းစာ အယ်ဒီတာ၊ ၁၉၅၉-၆၀ တွင် ကာကွယ်ရေးဝန်ကြီးဌာန ပြည်သူ့ဆက်ဆံရေးတပ်မှ ထုတ်ဝေသော ``မြန်မာနှင့်ကမ္ဘာ'' စာစောင်အယ်ဒီတာအဖြစ် တာဝန်ယူ၍ စာရေးဆရာအဖြစ် အသက်မွေးသည်။ ၁၉၆၀ ပြည့်နှစ် ရွေးကောက်ပွဲတွင် နတ်မောက်အရှေ့ပိုင်း မဲဆန္ဒနယ်မှ တသီးပုဂ္ဂလ အမတ်လောင်းအဖြစ် ယှဉ်ပြိုင်အရွေးခံရာ ရှုံးနိမ့်ခဲ့သည်။ ၁၉၆၂ တွင် ပြန်ကြားရေးဌာန အသံလွှင့်ရုံ၌ လည်း အမှုထမ်းခဲ့သည်။ ပြန်ကြားရေးဌာနတွင် စာပေစိစစ်ရေးမှူးအဖြစ် ဆောင်ရွက်သည်။ ၁၉၆၄-၇၂ တွင် ပါတီစာပြုများကို ဘာသာပြန်နည်းပို့ချသည် နည်းပြဆရာအဖြစ် ဆောင်ရွက်သည်။

၁၉၅၉-၆၀ တွင် ကမ္ဘာပတ်လည် ရက်ရှစ်ဆယ် (Round The World in Eighty by Jules Verne) ဖြင့် ယူနက်စကို ဘာသာပြန်ဆုကို ၁၉၆၀ ပြည့်နှစ်တွင် ရခဲ့သည်။ ဆရာကြီးသည် သခင်ဘသောင်း၊ မိုးကြိုး၊ ဒေါက်တာရုံမင်း စသည့် ကလောင်ကွဲများဖြင့် အင်္ဂလိပ်-မြန်မာ နှစ်ဘာသာဖြင့် စာပေများ ရေးသားခဲ့သည်။ ဆရာကြီးသည် ၁၉၅၆ တွင် ရုရှားစာရေးဆရာကြီး မိခေါ်ဂူဇိန်၏ The Fall or Titan ကို `လောကနိဗ္ဗာန်' အမည်ဖြင့် ဘာသာပြန်ခဲ့သေးသည်။ ရေးသားခဲ့သော လုံးချင်းစာအုပ် (၄၉) အနက် ထင်ရှားသည် စာအုပ်များမှာ ဆရာဝန်ပါပဲ ပြဇာတ် (၁၉၂၈)၊ နိုးကြားရေး စာတမ်းရှစ်စောင် (၁၉၃၀)၊ ပန်းသာမစာဥ (၁၉၃၈)၊ အမေလေး၊ ပြည်သူ့အာဏာ (ပတွဲ/ဒုတွဲ) (၁၉၃၈)၊ ရေနံ (၁၉၄၀)၊ တိုင်းပြည်ရန်သူ (၁၉၄၁)၊ ဒေးဗစ်ကိုပါဖီး (၁၉၅၀)၊ ခြေလေးချောင်းတော်လှန်ရေး (၁၉၅၁)၊ ဒီမိုကရေစီဆိုရာ (၁၉၅၄)၊ မျက်မမြင်တိုင်းပြည် (၁၉၅၅)၊ တစ်ထောင့်တစ်ညပုံပြင်များ (၁၉၅၁)၊ ဗုဒ္ဓ၏ စကြဝဠာတရားများ (၁၉၅၇)၊ ဗိုလ်တင်းပုတ်ပြည်ဝင်တို့ ဖြစ်သည်။ ဖီလဒင်းဟော (H. Fielding) ၏ The Soul of a People စာအုပ်ကို `မြန်မာ့စိတ်သဏ္ဍာန်' အမည်ဖြင့် ဘာသာပြန်ခဲ့သော်လည်း စာအုပ်အဖြစ်

မပေါ်ထွက်လာခဲ့ချေ။

၁၉၆၉ ခုနှစ်တွင် စာပေဗိမာန်က ကျင်းပသော ဘာသာပြန်စာပေ နှီးနှောဖလှယ်ပွဲ၌ `ဘာသာပြန်သူတစ်ဦး အတွေ့အကြုံနှင့် ထင်မြင်ချက်များ' စာတမ်းကို တင်သွင်းခဲ့သည်။

ဆရာကြီး သခင်ဘသောင်းသည် ၁၉၃၀ ပြည့်နှစ်တွင် ဒေါ်ကြည်နှင့် အိမ်ထောင်ကျသည်။ ပထမအိမ်ထောင် ပျက်ပြီးနောက် ဒေါ်သန်းကြည်နှင့် ထပ်မအိမ်ထောင်ကျ၍ သားတစ်ယောက်၊ သမီးတစ်ယောက် ထွန်းကားခဲ့သည်။

၁၉၈၀ ပြည့်နှစ်တွင် နိုင်ငံတော်အစိုးရ၏ နိုင်ငံဂုဏ်ရည် (ပထမအဆင့်) ချီးမြှင့်ခံရသည်။ ရန်ကုန်မြို့ ကျောက်တံတားမြို့နယ်၊ ဆူးလေဘုရားလမ်း အမှတ် (၂၂၂/၂၂၆)၊ အပေါ်ဆုံးလမ်း (ရွှေဆောင်ရုံဘေး) နေအိမ်၌ ဆင်းဆင်းရဲရဲဖြင့် ၁၉၈၁ ခုနှစ် ဧပြီလ ၂၁ ရက်နေ့တွင် ကွယ်လွန်သွားခဲ့လေသည်။ ကွယ်လွန်ချိန်၌ ဇနီး ဒေါ်သန်းကြည်နှင့် သားသမီးများ ကျန်ရစ်ခဲ့သည်။ တို့ဗမာအစည်းအရုံး သုံးရောင်ခြယ်အလံ လွှမ်းခြုံထားသော ဆရာကြီး၏ ကြွင်းကျန်ရစ်သော ရုပ်ကလာပ်ကို ဧပြီ ၂၃ ရက်နေ့တွင် တပည့်တပန်းများက ကြံတောသုသာန်၌ ဂူသွင်းသဂြိုဟ်ခဲ့ကြသည်။

*